# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဖေဖော်ဝါရီလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၈၀)၊ ၁၃၈၇ ခုနှစ် ၊ နယုန်လဆန်း ၁၀ ရက် ၊ ၅–၆–၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ်(၉) လောကနတ်ခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၄၁ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## မန္တလေးငလျင်ကြီးဒဏ်ကြောင့် အင်းလေးဒေသအတွင်း ထိခိုက်ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော် ပြီးစီး

ညောင်ရွှေ ဇွန် ၄

မန္တလေးငလျင်ဒဏ်ကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း လျှပ်စစ်ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ၊ ဓာတ်အားတိုင်များ၊ နေအိမ်များသို့ သွယ်တန်းထားသည့် ဓာတ်အားကြိုးများ ယိုင်နဲ့တိမ်းစောင်းခြင်း၊ ကျိုးပဲ့ပျက်စီးခြင်းများဖြစ်ပေါ်၍ ကျေးရွာပေါင်း ၃၂၁ ရွာ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရသည်။

အဆိုပါ ထိခိုက်ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ၊ လျှပ်စစ်မီးကြိုးများ ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ယိုင်နဲ့ကျိုးပဲ့သွားသည့် ဓာတ်အားတိုင်များ တည့်မတ်ပြုပြင်ခြင်း၊ အသစ်စိုက်ထူခြင်းလုပ်ငန်းများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများက အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကျေးရွာပေါင်း ၃၁၆ ရွာသို့ လျှပ်စစ်ဓာတ်အား ပုံမှန်ရရှိနိုင်ရေး ဆောင်ရွက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၄၄ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားလိုင်းများ ပုံမှန်ဖြန့်ဖြူးနိုင်ရေး အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်းအယ်ဘဲ



ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသ၌ လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်နေမှုကို တွေ့ရစဉ်။


**ယနေ့ ဖတ်စရာ အညွှန်း**

မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၉ အသင်း ဇွန် ၆ ရက်တွင် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့သို့ ထွက်ခွာမည် — စာမျက်နှာ ၇

နွေရာသီဈေးကွက်အတွင်း စပါးအသင်းမှ ဆွန်ဟောင်မင် ထွက်ခွာသွားဖွယ်ရှိ — စာမျက်နှာ ၁၁

မောင့်သဘောအတိုင်းပါပဲ ဆိုသည်မှာ (ဆောင်းပါး) — စာမျက်နှာ ၁၈


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၄

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၅ ခုနှစ်၊ ဇွန် ၅ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

## ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၏ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်လာကြစေရန်အတွက် ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင်ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ "**ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး**" ဟု သတ်မှတ်ထားသည်။ ယခုနှစ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းလုံးရှိ လူသားတို့၏ ပြုမူဆောင်ရွက်ချက်များကြောင့် ဖြစ်ပေါ်လာသည့် ပလတ်စတစ် ညစ်ညမ်းမှုအန္တရာယ်ဆိုင်ရာ အကျိုးဆက်များကို နိုင်ငံများအားလုံးဖြေရှင်းဆောင်ရွက်ရန်၊ ပလတ်စတစ်ညစ်ညမ်းမှုကို စုပေါင်းအားဖြင့် အဆုံးသတ်ရေး အချိန်ကျရောက်ပြီဖြစ်သည်ကို သတိပေးလိုက်ခြင်းပင်ဖြစ်သည်။

ပလတ်စတစ်၏ဆိုးကျိုးနှင့်ပတ်သက်၍ ပလတ်စတစ်သည် သဘာဝအလျောက် မပျက်စီးသည့်၊ ပြိုကွဲပျောက်ပျက်ရန် မလွယ်သည့်၊ ပတ်ဝန်းကျင်ကိုညစ်ညမ်းပြီး အန္တရာယ်ဖြစ်စေသည့် ပစ္စည်းများထဲမှတစ်ခုဖြစ်ပြီး နှစ်ပေါင်းများစွာကြာမှသာ ပြိုကွဲပျက်စီးနိုင်သည်။ ကုန်းမြေနှင့်ရေလမ်းကြောင်း၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ရေမြောင်းများ၊ မြစ်ချောင်းများ၏ ရေလမ်းကြောင်းစီးဆင်းမှုများ ပိတ်ဆို့မှုဖြစ်ပွားပြီး ရေကြီးရေလျှံသည်အထိပါ ဖြစ်ပွားစေသည်။ ရေလမ်းကြောင်းအနီး၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းသည် ရေချိုသယံဇာတများကို ညစ်ညမ်းစေသည်သာမကဘဲ ရေအရည်အသွေးကိုလည်း ကျဆင်းစေခြင်းဖြစ်သည်။

အဆိုပါစွန့်ပစ် ပလတ်စတစ်များသည် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာအဏ္ဏဝါပတ်ဝန်းကျင်ကို ရောက်ရှိပြီး အချိန်ကြာလာသည်နှင့်အမျှ သေးငယ်သည့် ပလတ်စတစ်အပိုင်းအစများ(မိုက်ခရိုပလတ်စတစ်)အဖြစ် ပြောင်းလဲဖြစ်ပေါ်ကာ အဏ္ဏဝါပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း ဖြစ်ပေါ်စေပါသည်။ မြန်မာနိုင်ငံတွင် နေ့စဉ်အများဆုံးထွက်ရှိသောပစ္စည်းများမှာ စွန့်ပစ်ပစ္စည်းအမှိုက်သရိုက်များပင်ဖြစ်သည်။ စွန့်ပစ်ပစ္စည်းများတွင် တစ်ခါသုံးကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်ပစ္စည်းများမှာ အများဆုံးဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံများတွင်လည်း အလားတူစွန့်ပစ်ပစ္စည်းများ နေ့စဉ်စွန့်ပစ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပျက်စီးရန်မလွယ်ကူသော အဆိုပါပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကြီးစွာ ခြိမ်းခြောက်လျက်ရှိသည်။

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ဖျောက်ဖျက်ပစ်ရန် မီးရှို့ဖျက်ဆီးမည်ဆိုပါကလည်း ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက် စသည့်ဓာတ်ငွေ့များ ထွက်ရှိလာပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့်အတွက် လူသားများ၏ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် ပလတ်စတစ်သည် စတင်ထုတ်လုပ်သည့်အချိန်မှစ၍ အသုံးပြုပြီး စွန့်ပစ်သည့်အချိန်အထိ ၎င်း၏ သက်တမ်းတစ်လျှောက်လုံးတွင် သဘာဝပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထုကို ညစ်ညမ်းစေသည်သာမကဘဲ ကုန်းနေရေနေ သတ္တဝါများကိုပါ အန္တရာယ်များစွာ ကျရောက်စေသောကြောင့် ယခုနှစ်ဆောင်ပုဒ်နှင့်အညီ "**ကမ္ဘာတစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး**" ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မတ္တရာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ စာသင်ကြားနေမှုများနှင့် Grade-12 စာမေးပွဲဖြေဆိုရန် ပြန်လည်သင်ကြားနေမှု အခြေအနေများအား ကြည့်ရှုအားပေး



**မန္တလေး ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုများနှင့် Grade-12 စာမေးပွဲဖြေဆိုရန် ပြန်လည်သင်ကြားနေမှုအခြေအနေများအား ယနေ့မွန်းလွဲ ၁ နာရီက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးနှင့် အဖွဲ့သည် အ.ထ.က(မြို့သစ်)တွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ ဖြန့်ဝေပြီးစီးမှုအခြေအနေများနှင့် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်အား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆောင်ရွက်ရန် လိုအပ်ချက်များကို မြို့နယ်တာဝန်ရှိသူများကို မှာကြားခဲ့သည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အ.ထ.က(စလွန်ဖြူ)သို့ သွားရောက်ခဲ့ပြီး Grade-12 စာမေးပွဲဖြေဆိုရန် ပြန်လည်သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ ထို့နောက် မြို့နယ်ပညာရေးမှူးနှင့် မြို့ပေါ်ရှိ အထက်တန်းကျောင်း သုံးကျောင်းမှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ အားပေးစကားများပြောကြားခဲ့ပြီးထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မတ္တရာမြို့နယ်မီးသတ်ဦးစီးဌာနမှ ဆောင်ရွက်သည့် ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့မီးငြိမ်းသတ်နည်း ပြသနေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ ၆၂လမ်း၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၄၇၅/၄၇၆) ထီးတန်း၊ ပဲတန်းလမ်း၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ထီးတန်းဓမ္မာရုံရှေ့တို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၅ ရက်တွင် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ် လမ်းငါးခွဓမ္မာရုံ၊ စစ်ကိုင်း-မန္တလေးလမ်းအရှေ့ဘက်တွင်လည်းကောင်း၊ ဇွန် ၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ မေဇင်သိန်းလမ်းတို့တွင် လည်းကောင်း၊ ဇွန် ၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြားတွင်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈လမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၆လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လျောင်ဒဏ်ခံရသည့် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်မှုနှင့် ရုံးပတ်ဝန်းကျင်၌ ဝန်ထမ်းများ ယာယီနေထိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးရှေ့ရှိ ယာဉ်ရပ်နားနေရာ၌ လျောင်ဒဏ်ခံခဲ့ရသည့်ဝန်ထမ်းများ ယာယီနေရာချထားနေထိုင်မှုအခြေအနေ၊ ရေ၊ မီး၊ မိလ္လာများ စီစဉ်ထားရှိမှု၊ မီးဖိုဆောင်များ စီစဉ်ပေးထားမှုနှင့် Container House များ ရောက်ရှိတပ်ဆင်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် လျောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန အဆောက်အအုံ ပြင်ဆင်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ထိခိုက်ပျက်စီးသည့်နေရာများ ပြန်လည်ပြင်ဆင်ရာတွင် နောင်ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်မြော်တွေး၍ လိုအပ်ချက်များ စီစဉ်ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အဆိုပါဦးစီးဌာနမှ ဝန်ထမ်းများ Container Office များဖြင့် လုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နေမှုနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ရုံးအသီးသီးနှင့် အွန်လိုင်းစနစ်ဖြင့်ချိတ်ဆက်၍ Unique ID နံပါတ်ထုတ်ပေးရေးနှင့် အချက်အလက်ပြင်ဆင်ဖြည့်စွက် အတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ Container Box ဖြင့် e-ID စနစ်ဆိုင်ရာ Server ခန်း ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး၊ လုံခြုံမှုရှိစေရေးနှင့် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လျောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူ့အင်အားဦးစီးဌာန ရုံးအဆောက်အအုံ ပြန်လည်ပြင်ဆင်နေမှုနှင့်ရုံးခန်းများအတွင်း ဝန်ထမ်းများ ရုံးလုပ်ငန်းပုံမှန်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကွန်ပျူတာခန်းအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ မေးခွန်းများ မေးမြန်းခဲ့မှုအပေါ် ဖြေကြားချက်များ ဖြည့်သွင်းနေမှုကိုလည်းကောင်း၊ ရုံးပတ်ဝန်းကျင်၌ ဝန်ထမ်းများ ယာယီနေရာချထားမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနေထိုင်စားသောက်မှု၊ ရေရရှိမှုအခြေအနေများကို မေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် လျောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန အဆောက်အအုံ ပြန်လည်ပြင်ဆင်ပြီးစီးမှုနှင့် ဝန်ထမ်းများ၏ ရုံးလုပ်ငန်းများ အရှိန်အဟုန်မပျက် ပုံမှန်ပြန်လည်ဆောင်ရွက်နေမှု၊ e-Visa ခန်းအတွင်း Online e-Visa လျှောက်ထားမှုအပေါ် စိစစ်ခွင့်ပြုဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနရုံးခန်းအတွင်း လျောင်ဒဏ်ကြောင့် မြေကျွံကျမှုကို ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စွမ်းအင်ဝန်ကြီးဌာန ကုန်းတွင်းလုပ်ကွက် IOR-6 (မြန်အောင်ဒေသ) ဧရိယာ-၂ အတွက် တိုးတက်ထွက်ရှိလာသောရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Myanmar Kinsanar Co.,Ltd. တို့အကြား ကုန်းတွင်းလုပ်ကွက် IOR-6 (မြန်အောင်ဒေသ) ဧရိယာ-၂ တွင် ရေနံအထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုးတက်ထွက်ရှိလာသော ရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာန နေပြည်တော်တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် Myanmar Kinsanar Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က နိုင်ငံတော်၏ အဖိုးတန်စွမ်းအင်သယံဇာတများကို စနစ်တကျထုတ်ယူသုံးစွဲခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့သည် စွမ်းအင်ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ "ပြည်သူလူထု၏သယံဇာတအား ပြည်သူလူထုထံသို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားရေနံလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလည်းပါဝင်ပါကြောင်း၊ မြေအောက်၊ ရေအောက်စွမ်းအင်သယံဇာတများကို ရှာဖွေ၊ တူးဖော်ထုတ်လုပ်ခြင်းသည် နည်းပညာ၊ အရင်းအနှီးနှင့် စွန့်စားမှုများ လွန်စွာကြီးမားပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ အကျိုးရှိစေရန်နှင့် စွန့်စားမှုများလျှော့ချနိုင်ရန် ခေတ်မီနည်းပညာများအသုံးပြု၍ ရှာဖွေ၊ တူးဖော်ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း စသည့်လုပ်ငန်းစဉ်အားလုံးတွင် ဆောင်ရွက်နိုင်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် အဓိကကျပါကြောင်း၊ သို့ဖြစ်ပါ၍ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမိုအကျိုးရှိထိရောက်စွာ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ သမဝါယမအသင်းအဖွဲ့များအား စွမ်းအင်ဝန်ကြီးဌာနမှ ဦးစီးလုပ်ကိုင်လျက်ရှိသည့် ကုန်းတွင်းလုပ်ကွက်များအနက် ၁၀ ကွက်တွင် ခေတ်မီနည်းပညာများ အသုံးပြု၍ ဆောင်ရွက်ခွင့်ရရှိရန် နိုင်ငံတော်အစိုးရထံ တင်ပြဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုခွင့်ပြုပေးခဲ့သည့် IOR-6(မြန်အောင်ဒေသ)သည် ဒုတိယအကြိမ်မြောက်ခွင့်ပြုပေးခဲ့သော ကုန်းတွင်းလုပ်ကွက်ဖြစ်ပါကြောင်း၊ ပထမလုပ်ကွက်ကို တိုင်းရင်းသားပိုင်ရေနံကုမ္ပဏီတစ်ခုကို ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းက ခွင့်ပြုပေးခဲ့ပြီး ယခုအချိန်တွင် သဘာဝဓာတ်ငွေ့များ တူးဖော်ထုတ်လုပ်နေနိုင်ပြီဖြစ်၍ ယင်းဒေသ၏ လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိနေပါကြောင်း၊ ယခုဒုတိယလုပ်ကွက်ဖြစ်သည့် မြန်အောင်ရေနံမြေသည် ပြည်အနည်ကျချိုင့်ဝှမ်းတွင်ပါဝင်၍ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့စပ်ကြားနေရာတွင် တည်ရှိပြီး အစဉ်အလာကောင်းခဲ့သည့် ရေနံမြေတစ်ခုဖြစ်ပါကြောင်း၊ ယင်းဒေသမှ ရေနံစိမ်းများ တိုးတက်ရရှိရန် မျှော်မှန်းပြီး စက်သုံးဆီများ ချက်လုပ်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ ယခုလိုဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံသားပိုင်ရေနံကုမ္ပဏီများအနေဖြင့် နိုင်ငံတကာရေနံကုမ္ပဏီများအဆင့်သို့ တက်လှမ်းလာနိုင်ခြင်း၊ ရေနံတူးဖော်ရေးလုပ်ငန်းများတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအားကောင်းလာခြင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ခြင်း၊ နိုင်ငံတော်၏ စွမ်းအင်သယံဇာတများကို အကျိုးရှိထိရောက်စွာ ထုတ်ယူအသုံးချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း၊ ယခုလို အခက်အခဲများကြားမှ အောင်မြင်စွာ စာချုပ်ချုပ်ဆိုဆောင်ရွက်နိုင်ရေး ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ပေးကြသည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် Myanmar Kinsanar Co.,Ltd. ကုမ္ပဏီမှ တာဝန်ရှိသူများကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် Myanmar Kinsanar Co.,Ltd. တို့၏ တူညီသောဘုံရည်မှန်းချက်များ အောင်မြင်စေရန်ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် Myanmar Kinsanar Co., Ltd. ၏ Director က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် Myanmar Kinsanar Co., Ltd. ၏ Managing Director တို့က ကုန်းတွင်းလုပ်ကွက် IOR-6 (မြန်အောင်ဒေသ) ဧရိယာ-၂ အတွက် တိုးတက်ထွက်ရှိလာသော ရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဧလ

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရေပြင်အသက်ကယ်စုဖွဲ့လေ့ကျင့်နေမှု၊ ကမ်းနားလမ်းတစ်လျှောက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု၊ ရေကြီးရေလျှံမှု ကာကွယ်လျှော့ချရန် အရေးပေါ်မိုးရေစွန့်ထုတ်စက်ရုံ ဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေး






**မန္တလေး ဇွန် ၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ကမ်းနားလမ်း၊ ၂၂ လမ်းနှင့် ၂၆ လမ်းကြားရှိ ဧရာဝတီရှုခင်းသာတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးမှ တိုင်းဒေသကြီးအဆင့်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၁၆ ဦးဖြင့် ရေပြင်အသက်ကယ် စုဖွဲ့လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ ဖွဲ့စည်းထားမှု၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ပစ္စည်းများအား အသင့်ပြင်ဆင်ထားမှုနှင့် ဇာတ်တိုက်လေ့ကျင့်နေမှုများကို ရှင်းလင်းပြသမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားပေါ်ပေါက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေး အသင့်ပြင်ဆင်ထားရန်၊ စက်ကိရိယာများအား စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်ရန်၊ ကျွမ်းကျင်ပိုင်နိုင်စွာ လေ့ကျင့်ထားရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဧရာဝတီမြစ်အတွင်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များဖြင့် ရေပြင်အသက်ကယ် စုဖွဲ့လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ်းနားလမ်း ကြံ့ခိုင်မှု၊ ရေကင်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရေကြီးရေလျှံဖြစ်ပေါ်လာပါက အသုံးပြုနိုင်ရန် သဲအိတ်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေဆိုးစုပ်ထုတ်စက်ရုံအမှတ်(၂)(ရွှေခဲ)သို့ သွားရောက်ပြီး ရေကြီးရေလျှံမှုကာကွယ်လျှော့ချရန် အရေးပေါ်မိုးရေစွန့်ထုတ်စက်ရုံ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မိုးတွင်းကာလတွင် ရပ်ကွက်များအတွင်း ရေဝပ်ရေလျှံဖြစ်ပေါ်မှုများ လျှော့နည်းရေးအတွက် ရေဆိုးစုပ်ထုတ်စက်ရုံကိုးခုမှ စုပ်ထုတ်ပေးမှုနှင့် စက်များ ကြံ့ခိုင်မှုရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မန္တလေးငလျင်ကြီးကြောင့် မိုးရေစွန့်ထုတ်စက်ရုံရေထုတ် ပိုက်လိုင်းများ ထိခိုက်ပျက်စီးခဲ့မှု၊ ပြန်လည်ပြုပြင်ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများ၊ ရေဂါလန်ပမာဏ သန်း ၅၀၀ မှ ၆၀၀ ခန့်အထိ ဝင်ဆံ့သည့် ရေစုကန်တည်ဆောက်ပြီးစီးမှု၊ အဆိုပါ ရေစုကန်မှ ရေဆိုးများကို ရေစုပ်စက်အရွယ်မျိုးစုံ တပ်ဆင်အသုံးပြု၍ အချင်းလက်မ ၄၀နှင့် ၁၂ လက်မ ပိုက်များဖြင့် ဧရာဝတီမြစ်အတွင်းသို့ လက်ရှိတွင် တစ်ရက်လျှင် ရေဂါလန် သန်း ၂၀ စုပ်ထုတ်နေမှုနှင့် တစ်ရက်လျှင် ရေဂါလန် သန်း ၄၀ အထိ စုပ်ထုတ်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

၎င်းနောက် မန္တလေးငလျင်ကြီးကြောင့် အမရပူရမြို့နယ်ရှိ ရှမ်းလေးကျွန်းနှင့် ရွှေခဲကြား၌ ကမ်းနားလမ်းတစ်လျှောက် လမ်းနိမ့်ကျမှုများ၊ အက်ကွဲကြောင်းကြီးများဖြစ်ပေါ်ခဲ့သည့်အတွက် မြေအောက်လွှာ ပြောင်းလဲမှုအနေအထားကိုသိရှိနိုင်ရန် မြေအနက်မီတာ ၃၀ အထိ မြေဆီလွှာစမ်းသပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဧရာဝတီမြစ်ရေသည် ၂၀၂၅ ခုနှစ် ဇွန် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးမြို့၌ ၈၁၆ စင်တီမီတာသို့ရောက်ရှိနေပြီး မန္တလေးမြို့၏ စိုးရိမ်ရေအမှတ် ၁၂၆၀ စင်တီမီတာအောက် ၄၄၄ စင်တီမီတာ (၁၄ ဒသမ ၆ပေ) ခန့်တွင် တည်ရှိနေကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန်လ ၄ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တွင် ၈၁၄ စင်တီမီတာရှိခဲ့သဖြင့် ယခုနှစ်မြစ်ရေမှာ ယခင်နှစ်ထက် ၂ စင်တီမီတာခန့် ပိုများနေကြောင်း၊ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၁ ရက်နေ့တွင် ၁၃၁၀ စင်တီမီတာရောက်ရှိခဲ့ခြင်းအပါအဝင် ၁၉၆၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ၅၇ နှစ်အတွင်း မန္တလေးမြို့တွင် စိုးရိမ်ရေမှတ်ထက်ကျော်လွန်သည့် နှစ်ပေါင်း ၁၇ နှစ်ရှိခဲ့ပြီး ဇူလိုင်လတွင် လေးကြိမ်၊ ဩဂုတ်လတွင် ခုနစ်ကြိမ်နှင့် စက်တင်ဘာလတွင် သုံးကြိမ်နှင့် အောက်တိုဘာလတွင် သုံးကြိမ် ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









သတင်း-စာမျက်နှာ ၄


























# ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲဖြေဆိုနေကြသည့် စာဖြေသံဃာတော်များ၊ သီလရှင်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ကြည်ညို

**မန္တလေး ဇွန် ၄**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့ မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် ခေတ္တရွှေ့ဆိုင်းထားရသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို ဇွန်လ ၂ ရက်မှ စတင်ကျင်းပလျက်ရှိရာ သတ်မှတ်စာဖြေဌာနများ၌ သံဃာတော်များ၊ သီလရှင်များ စိတ်ချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး သာသနာရေး ဦးစီးမှူးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက သွားရောက်ဖူးမြော်ကြည်ညိုကြသည်။


ထိုသို့ စာဖြေဌာနများသို့သွားရောက်ရာ၌ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၃၄)အခြေခံပညာ အထက်တန်းကျောင်းနှင့် မန္တလာသီရိအားကစားကွင်းရှိ မိုးလုံလေလုံ ခန်းမသို့လည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အရှေ့ခင်မကန်ကျောင်းတိုက်၊ ကထိန်တော်ကျောင်း မဟာဝိဇယာရာမခင်မကန် ဗိမာန်တော်သို့လည်းကောင်း သွားရောက်ပြီး စာမေးကြီးကြပ်မှုများကို ဆောင်ရွက်နေကြသည့် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ ဩဝါဒများ ခံယူပြီး စာမေးပွဲဖြေဆိုနေသော သံဃာတော်များနှင့် သီလရှင်များကို လိုက်လံဖူးမြော်ကြည်ညိုကြပြီးနောက် တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ဇွန် ၂ ရက် မှ ၆ ရက်အထိ လည်းကောင်း၊ ပါဠိပထမပြန် စာမေးပွဲကို ဇွန် ၄ ရက်မှ ၁၀ ရက်အထိ လည်းကောင်း ကျင်းပလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ












# မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးဝင်းအတွင်းရှိ သာသနိက အဆောက်အအုံများအား ရှေးမူမပျက်ပြန်လည်ပြုပြင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**မန္တလေး ဇွန် ၄**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်က အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးဝင်းအတွင်းရှိ သာသနိက အဆောက်အအုံများကို ရှေးမူမပျက်ပိုမိုခိုင်ခံ့အောင် ပြန်လည်ပြုပြင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်နှင့် အင်ဂျင်နီယာပညာရှင်များ၊ ဘူမိဗေဒပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးဝင်းအတွင်းရှိ သာသနိက အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုဖြစ်ပေါ်ခဲ့ရာ ရှေးမူမပျက်ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်နေပါကြောင်း၊ ရှေးမူမပျက်ပိုမိုခိုင်ခံ့အောင် သက်ဆိုင်ရာပညာရှင်များ အချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ SOP အတိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သာသနိက အဆောက်အအုံများ၏ အပျက်အစီးများအား စနစ်တကျ ဖယ်ရှားရှင်းလင်းဆောင်ရွက်လျက်ရှိပြီး မပြီးပြတ်ဘဲ ကျန်ရှိနေသည့် သာသနိက အဆောက်အအုံများ မိုးရေကြောင့် ထပ်မံမပျက်စီးရေး စနစ်တကျစီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဘုရားဖူးပြည်သူများ စိတ်ကြည်လင်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ကာလတို၊ ကာလရှည်၊ ဦးစားပေးအဆင့်လိုက် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်ဆန်းက မဟာမုနိဘုရားကြီးနှင့်ဘုရားကြီးဝင်းအတွင်းရှိ သာသနိက အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ခြင်းများအား ရှေးမူမပျက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကဏ္ဍများအလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်က ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူမပျက်ပြုပြင်မွမ်းမံနိုင်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားပြီးနောက် တက်ရောက်လာကြသည့် ပညာရှင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၉ အသင်း ဇွန် ၆ ရက်တွင် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့သို့ ထွက်ခွာမည်

**ရန်ကုန် ဇွန် ၄**

အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲဝင်မည့် မြန်မာအသင်းသည် လာမည့် ဇွန် ၆ ရက်တွင် ပြိုင်ပွဲကျင်းပရာ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(A)တွင် အိမ်ရှင် ဗီယက်နမ်၊ လာအို၊ တီမောတို့နှင့်အတူ ကျရောက်နေပြီး အုပ်စု(B)တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ အင်ဒိုနီးရှားတို့ ပါဝင်နေသည်။

ယူ-၁၉ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန် ၉ ရက်တွင် အိမ်ရှင် ဗီယက်နမ်၊ ဇွန် ၁၁ ရက်တွင် လာအို၊ ဇွန် ၁၃ ရက်တွင် တီမောအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယူ-၁၉ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(NGB)**

0-0-0-0-0





# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၆)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး ဇွန် ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း(၆)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး(၆)ထပ်ဆောင်အောက် မြေညီထပ်တွင် ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၆)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက်(၃၀၀)စည်း၊ ဘူးသီး(၈၅)လုံး၊ ငရုတ်သီး(၁၃၅)ထုပ်၊ ဘူးညွန့်(၁၀၀)စည်း၊ ဘူးညွှန့်နှင့် ဖရုံညွှန့်(၁၅၀)စည်းတို့ကို စီမံရေးရာဌာနရှိ ဝန်ထမ်း(၁၂၈)ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနရှိ ဝန်ထမ်း(၁၆၀)ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း (၄၅)ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနခွဲမှူး ဒေါ်ရွှေရည်ဝင်းနှင့် တာဝန်ရှိသူများက အချိုးကျ ခွဲဝေထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

# ဂန့်ဂေါမြို့နယ် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**ဂန့်ဂေါ ဇွန် ၄**

ဂန့်ဂေါခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ပြည်သူများ ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဂန့်ဂေါမြို့ မြို့မရပ်ကွက်ရှိ အ·ထ·က(မြို့မ)ကျောင်းရှေ့နှင့် ဂန့်ဂေါ-အနောက်ဂန့်ဂေါ မြစ်သာမြစ်ကူးတံတားထိပ်နေရာများတွင် အခမဲ့ဖြန့်ဝေခဲ့ကြသည်။

ထိုသို့ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေရာတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးရှိုင်းသူနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဂန့်ဂေါခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**(၃၈၈)**

# တောင်ကိုရီးယားသမ္မတသစ်အဖြစ် လီဂျေမြောင် ကျမ်းသစ္စာကျိန်ဆို



**ဆိုးလ် ဇွန် ၄**

လီဂျေမြောင်သည် တောင်ကိုရီးယားနိုင်ငံ၏ သမ္မတသစ်အဖြစ် ဇွန် ၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး ငါးနှစ်တာ သမ္မတတာဝန်များကို စတင်ထမ်းဆောင်သွားတော့မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ ၂၁ ဦးမြောက် သမ္မတဖြစ်သော လီဂျေမြောင်သည် အမျိုးသားလွှတ်တော် အဆောက်အအုံတွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး သမ္မတရွေးကောက်ပွဲတွင် မည်သူ့ကို အားပေးထောက်ခံသည်ဖြစ်စေ ပြည်သူအားလုံး၏အကျိုးကို ထမ်းဆောင်သွားမည်ဟု ၎င်း၏ ပထမဆုံးရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

အများစုဖြစ်သော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ လီသည် ထောက်ခံမှု ၄၉ ဒသမ ၄၂ ရာခိုင်နှုန်းရရှိပြီး ၎င်း၏ အဓိကပြိုင်ဘက်ဖြစ်သူ ကွန်ဆာဗေးတစ် ပြည်သူ့အင်အားပါတီမှ ကင်မွန်ဆူးကို ၈ ဒသမ ၂၇ ရာခိုင်နှုန်းအသာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လီသည် ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သောကြောင့် အကူးအပြောင်းကာလမရှိဘဲ သမ္မတတာဝန်များကို စတင်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ပါလီမန်အကြီးအကဲများ၊ တရားရုံးချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ အကြီးအကဲများအပြင် လွှတ်တော်အမတ်များနှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဆင်ဟွာ

# ကုလသမဂ္ဂ အမြဲတမ်းမဟုတ်သော လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများကို ရွေးချယ်တင်မြှောက်

**ဂျီနီဗာ ဇွန် ၄**

ကုလသမဂ္ဂသည် အမြဲတမ်းမဟုတ်သော လုံခြုံရေးကောင်စီအဖွဲ့ဝင် ငါးနိုင်ငံကို ရွေးကောက်တင်မြှောက်ခဲ့ပြီး ၎င်းတို့၏ နှစ်နှစ်သက်တမ်းသည် လာမည့်နှစ် ဇန်နဝါရီလတွင် စတင်မည်ဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမေရိကန်အပါအဝင် အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံရှိပြီး နိုင်ငံနှင့်ဒေသကို ကိုယ်စားပြုသည့် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင် ၁၀ နိုင်ငံရှိသည်။ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နိုင်ငံများသည် နှစ်နှစ်သက်တမ်း တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ၎င်းတို့အနက် ထက်ဝက်ခန့်မှာ နှစ်စဉ် အစားထိုးပြောင်းလဲလျက်ရှိသည်။

ဇွန် ၃ ရက်တွင် အထွေထွေညီလာခံက ကွန်ဂို၊ လိုက်ဘေးရီးယား၊ လတ်ဗီးယား၊ ကိုလံဘီယာနှင့် ဘာရိန်းနိုင်ငံတို့ကို လုံခြုံရေးကောင်စီတွင် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်များအဖြစ် ထမ်းဆောင်ရန် မဲခွဲဆုံးဖြတ်ခဲ့သည်။

လတ်ဗီးယားသည် ပထမဆုံးအကြိမ်အဖြစ် ကောင်စီတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလက အထွေထွေညီလာခံ ဆုံးဖြတ်ချက်မူကြမ်းကို ဘာရိန်းနှင့် ကိုလံဘီယာတို့က ကြားနေခဲ့ပြီး ကွန်ဂိုက မဲမပေးခဲ့ကြောင်း သိရသည်။

ဘာရိန်းသည် အစ္စရေးနှင့် သံတမန် ဆက်ဆံရေးရှိသည့် အနည်းငယ်သော အာရပ်နိုင်ငံများထဲမှ တစ်ခုဖြစ်သည်။ ဘာရိန်းသည်လည်း အခြားအာရပ် နိုင်ငံများနှင့်အတူ ဂါဇာကို စစ်ဆင်ရေးဆင်နွှဲနေသည့် အစ္စရေးကို ပြင်းထန်စွာ ဝေဖန်ခဲ့သည်။

ကိုလံဘီယာနှင့် ကွန်ဂိုတို့သည် ၎င်းတို့၏အတွေ့အကြုံများအပေါ် အခြေခံ၍ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာ ကောင်စီ၏ ဆွေးနွေးပွဲများတွင် ပါဝင်ကူညီမည်ဟု မျှော်လင့်ရသည်။

အင်န်အိတ်ချ်ကေ



# အောင်မြင်ကျော်ကြားနေသော စာရေးဆရာမ ဘာနာဒင်းအီဗာရစ္စတို အမျိုးသမီးရသစာပေ တစ်သက်တာထူးချွန်ဆု ရရှိ

**လန်ဒန် ဇွန် ၄**

ယနေ့ခေတ် ကမ္ဘာ့စာပေလောကတွင် အောင်မြင်ကျော်ကြားနေသော စာရေးဆရာမ ဘာနာဒင်းအီဗာရစ္စတိုသည် အမျိုးသမီးရသစာပေဆုနှစ် (၃၀)ပြည့် အထိမ်းအမှတ်အဖြစ် ချီးမြှင့်သော တစ်သက်တာထူးချွန်ဆုရရှိသည့်အတွက် အလွန်အံ့အားသင့်ရသည်ဟု ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

"ဒီဆုရမယ်လို့ လုံးဝမျှော်လင့်မထားခဲ့ပါဘူး… ကျွန်မ အရမ်းကံကောင်းလို့ပါ" ဟု ၂၀၁၉ ခုနှစ်က နာမည်ကျော် စာရေးဆရာမ မာဂရက်အက်တ်ဝုဒ်နှင့်အတူ ဘွတ်ကာဆု ပူးတွဲချီးမြှင့်ခံခဲ့ရသည့် ပထမဆုံးလူမည်းအမျိုးသမီးဖြစ်သူ အီဗာရစ္စတိုက ထုတ်ဖော်ပြောကြားသည်။

ထိုဆုသည် ၎င်းဘွတ်ကာဆုရရှိခဲ့သော မိန်းကလေး မိန်းမ သူတစ်ပါး ဝတ္ထုအပါအဝင် ၎င်း၏ စာပေလက်ရာများနှင့် အနုပညာနယ်ပယ်တွင် မတူကွဲပြားမှုများအတွက် ရှည်လျားစွာ ဆောင်ရွက်ခဲ့မှုအား အသိအမှတ်ပြုခြင်းပင်ဖြစ်သည်။

ဆုများကို လာမည့် ဇွန် ၁၂ ရက်တွင် လန်ဒန်မြို့၌ ကျင်းပမည့် အခမ်းအနားတွင် ပေးအပ်မည်ဖြစ်ရာ စာရေးဆရာမ အီဗာရစ္စတိုအနေဖြင့် ဆုငွေ စတာလင်ပေါင် ၁၀၀၀၀၀ နှင့် ရုပ်တုတစ်ခုကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

Mon



ဇွန်လ ၁၈ ရက် တရုတ်နှစ်လယ်ဈေးပွဲတော်မတိုင်မီ ယမန်နေ့က ကျန်းစုပြည်နယ် နန်းတုန်းမြို့၌ ဒေသခံများက စိုက်ပျိုးထုတ်ကုန်များကို ရောင်းချရန် တိုက်ရိုက်ထုတ်လွှင့်မှုများ ပြုလုပ်နေကြစဉ်။

Mon

# အလယ်ပိုင်းနှင့် တောင်ပိုင်း ရွှံ့နွံမြေများတွင် ငါးများသေဆုံးမှု အီရတ်အာဏာပိုင်များ စုံစမ်းစစ်ဆေးမှု စတင်နေပြီဟု ဆို

**ဘဂ္ဂဒက် ဇွန် ၄**

အီရတ်အာဏာပိုင်များသည် နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်း ရွှံ့နွံမြေများတွင် ငါးများအစုလိုက်အပြုံလိုက် သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုစတင်နေပြီဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ယင်းငါးများသေဆုံးရခြင်း အကြောင်းရင်းတစ်ခုမှာ ရေစီးနည်းခြင်း၊ ရေငွေ့ပျံမှုများခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်တက်လာရာမှ အောက်ဆီဂျင်ချို့တဲ့ခြင်းကြောင့် ဖြစ်နိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားသူများက ဆိုသည်။ အခြားအကြောင်းရင်းတစ်ခုမှာ ငါးဖမ်းသူများက ဓာတုပစ္စည်းများ အသုံးပြုခြင်းဖြစ်သည်။

တိုင်ကြားစာများကို လက်ခံရရှိပြီးနောက် နည်းပညာဆိုင်ရာ စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းထားကြောင်း အီရတ်အလယ်ပိုင်းမှ တောင်ပိုင်းအထိ ကျယ်ပြန့်သော နာဂျက်ဖ်ပြည်နယ်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအရာရှိချုပ် ဂျမာလ်အဘ်ဒ်ဧယတ်ဒ်က ထုတ်ဖော်ပြောကြားသည်။

ထိုအဖွဲ့သည် ရေချို့တဲ့မှု၊ လျှပ်စစ်ဖြင့် ငါးဖမ်းခြင်းနှင့် ငါးဖမ်းသူများ "အဆိပ်" အသုံးပြုခြင်းတို့နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

Mon



## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# သံမဏိနှင့် အလူမီနီယမ် သွင်းကုန်များအပေါ် အကောက်ခွန် ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ နှစ်ဆတိုးမြှင့်လိုက်ပြီ

**ဝါရှင်တန် ဇွန် ၄**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်သည် သံမဏိနှင့် အလူမီနီယမ်သွင်းကုန်များအပေါ် အကောက်ခွန် ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ နှစ်ဆတိုးမြှင့်သည့်အမိန့်ကို ဇွန် ၃ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းအမိန့်ဖြင့် ကားများမှ အစ အစားအစာစည်သွပ်ဘူးများအထိ လုပ်ငန်းများအတွက် အဓိက ကုန်ကြမ်းများဖြစ်သော သတ္တုများအပေါ် မတ်လမှစတင်၍ ဒုတိယအကြိမ် အကောက်ခွန်တိုးမြှင့်ခြင်းဖြစ်သည်။

ဇွန် ၄ ရက်မှစ၍ အာဏာသက်ရောက်မည့် အဆိုပါအစီအမံများသည် အမေရိကန်သံမဏိလုပ်ငန်း၏ အနာဂတ်ကို အာမခံရန် ရည်ရွယ်ကြောင်း ထရမ့်က ရှင်းလင်းပြောကြားသည်။

သို့သော် အမေရိကန်ပြင်ပရှိ သံမဏိထုတ်လုပ်သူများကို ကြီးမားစွာ ထိခိုက်စေနိုင်ပြီး ကုန်သွယ်ဖက်နိုင်ငံများ၏ ပြန်လည်တုံ့ပြန်မှုကို ဖြစ်ပေါ်စေကာ အမေရိကန်သတ္တုအသုံးပြုသူများအတွက် ကြီးမားသော ကုန်ကျစရိတ်ဖြစ်စေနိုင်ကြောင်း ဝေဖန်သူများက ထောက်ပြပြောဆိုကြောင်း သိရသည်။

Mon

STOP AIDS

## မြို့မဈေးအတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဇွန် ၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်း(Campaign)နှင့် ပလတ်စတစ် ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့နံနက် ၇နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး(Compaign)ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

(ဝဲပုံ)

**နောင်နောင်(ဗိသုနိုးမြေ)**



*-*-*-*-*-*

## သဘာဝဘေး အသိပညာပေး၊ ရေဘေးအသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**သရက် ဇွန် ၄**



မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေး အသိပညာပေး၊ ရေဘေးအသိပညာပေး လှုံ့ဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇွန် ၃ ရက် နံနက် ၉ နာရီက ရုံးရပ်ကွက်၊ တောင်မင်းတည်းရပ်ကွက်နှင့် လေးတိုင်စင်ရပ်ကွက်တို့တွင် လိုက်လံနှိုးဆော်ခဲ့ကြသည်။

အဆိုပါအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများက ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ၊ ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ၊ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် လိုက်နာရန်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ စသည်တို့ကို လိုက်လံနှိုးဆော်ခဲ့ပြီး ရေဘေးအသိပညာပေး လက်ကမ်းစာစောင်များအား ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) ဇော်ထက်(သရက်)**

## လိုင်စင်မဲ့ယာဉ်နှင့် သက်တမ်းလွန်ယာဉ် မောင်းနှင်သူများအား အရေးယူ

**မန္တလေး ဇွန် ၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက်၊ ၇၈လမ်းနှင့် ၃၄လမ်းထောင့်၌ ဇွန် ၁ရက် နံနက် ၁၀နာရီက ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၈)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လိုင်စင်မဲ့ယာဉ်များ စိစစ်ဖမ်းဆီးရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်နေစဉ် ဒေါ်ဥမ္မာ မောင်းနှင်လာသော ၄၂ယ/__ CZI125 ဆိုင်ကယ်နှင့်ပတ်သက်၍ စိစစ်ရာ ယာဉ်မှတ်ပုံတင်ထားခြင်းမရှိသော လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်နေခြင်း၊ ဦးမျိုးဇော်ထွန်းမောင်းနှင်လာသော ဆိုင်ကယ်နံပါတ်ပြားမပါ ZAWAA-NBO125 ဆိုင်ကယ်နှင့်ပတ်သက်၍ စိစစ်ရာ ယာဉ်လိုင်စင်သက်တမ်းတိုးဆောင်ရွက်ခြင်းမရှိဘဲ မောင်းနှင်အသုံးပြုခြင်းများအား စစ်ဆေးတွေ့ရသဖြင့် အရေးယူခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်ဥမ္မာ(၄၀နှစ်၊ ကယ်ရီမောင်း၊ နံ့သာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်)နှင့် ဦးမျိုးဇော်ထွန်း(၂၉နှစ်၊ ဈေးရောင်း၊ တာရဲတန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်)နေသူတို့အား အမှတ်(၈)မြို့မရဲစခန်းတွင် ပို့ကုန်းသွင်းကုန် ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(မိုးသီး)**

## မိုးရွာသွန်းမှုကြောင့် လူနေအိမ်ပေါ် သစ်ပင်လဲကျနေမှုအား မီးသတ်တပ်ဖွဲ့ဝင်များက ကူညီခုတ်ထွင်ရှင်းလင်း

**ပွင့်ဖြူ ဇွန် ၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် မေ ၃၀ ရက် နံနက် ၈ နာရီခွဲက ပွင့်ဖြူမြို့၊ သက်တော်ရှည်ရပ်ကွက်ရှိ လူနေအိမ်ပေါ်တွင် သစ်ပင်လဲကျ ပိမိနေကြောင်း သိရ၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ချက်ချင်းသွားရောက်ပြီး ကူညီခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် အမြင့် ပေ ၂၀၊ ပင်စည်လုံးပတ် ၃ ပေရှိ ဒန့်သလွန်ပင်မှာ ရေစိမ့်ဝင်တိုက်စားပြီး ပင်စည်အမြစ်လန်ကာ သက်တော်ရှည်ရပ်ကွက်ရှိ လူနေအိမ်တစ်လုံးပေါ်သို့ လဲကျပိမိခဲ့ကြောင်း သိရပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်အတွက် စနစ်တကျ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါသစ်ပင်လဲကျမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မိုးရာသီကာလတွင် ကြုံတွေ့ရလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်အတွက် ပြည်သူ့အကျိုးပြု ကူညီဆောင်ရွက်ပေးခြင်း၊ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်း စသည့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)



*-*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Wai Wai Moe" Facebook နှင့် "@moelaymoelay784" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆန်ဆိုင်း(က)ရပ်ကွက်နေ နှင်းဝေဝေမိုးအား ညနေ ၆ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက် ညနေ ၆နာရီက သတင်းအရ သက်သေများနှင့်အတူ မိတ္ထီလာမြို့နယ်၊ မကျီးချောက်ကျေးရွာနေ ကျော်ဇေယျ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်ဇော်ဝင်း(ခ)ကုလားမအား တွေ့ရှိပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၇,၆၀၀၊ ဆေးခြောက် ၃,၀၀၀ ဂရမ်နှင့် မြန်မာငွေကျပ် ၁၀ သိန်းတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ဇော်ဝင်း(ခ)ကုလားမ(၃၉)နှစ်နှင့် ကျော်ဇေယျ(၃၈)နှစ်တို့အား အမှတ်(၂)နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။




**(ယာပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော စီတီးရပ်ကွက်ရှိ ရာဇမဏိစူဋ္ဌာကောင်းမှုတော်စေတီကြီး၏ ကြံခိုင်မှုနှင့် ရွှေထီးတော် ကြံခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပညာရှင်များက နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မဟာဓမ္မကထိက ဗဟု ဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများကို ကောင်းမှုတော်ဘုရား သာသနာ့နယ်မြေအတွင်းရှိ သာသနာ့ဗိမာန်၌ Power Pointဖြင့် ရှင်းလင်းတင်ပြပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ သကျမိတာ သီလရှင်စာသင်တိုက်နှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်တို့တွင် သာသနိကအဆောက်အအုံများအား မိုးမကျမီ စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများကို လည်းကောင်း၊ ပိုးတန်ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သုံးထပ်ကျောင်းဆောင်အား မိုးမကျမီ စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းရှင်းလင်းဖယ်ရှားနေမှုတို့ကို လည်းကောင်း၊ ထူပါရုံစေတီ၊ နန်းဦးမြို့သစ် မဟိယင်္ဂဏစေတီတော်များကို ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ခြင်းနှင့် ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာနရှိ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် Modular Container House များ ဆောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ စကုမော်ငလျင်ဘေးသင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့သွားရောက်ကာ စည်းကမ်းတကျရှိစေရေး တာဝန်ရှိသူများအား မှာကြားပြီး ငလျင်ဘေးဒဏ်သင့် သံဃာတော်များ၊ သီလရှင်များ နှင့် လူပုဂ္ဂိုလ်များအား တပ်မတော် နည်းလှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာနရှိ ငလျင်ဒဏ်သင့် ဝန်ထမ်းများအတွက် Modular Container Houseများ ဆောက်လုပ်ပေးနေမှုအခြေအနေများကို လည်းကောင်း၊ ရေ၊ မီး၊ မိလ္လာရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာနဝင်းအတွင်းရှိ အမှတ် (၆) ရေတွန်းစက်ရုံသို့သွားရောက်၍ ရေသိုလှောင်ထားရှိမှု အခြေအနေများ၊ လျှပ်စစ်မီးစနစ်/ ဆိုလာမီးစနစ်ဖြင့် ရေပေးဝေနိုင်မှုအခြေအနေများကို လည်းကောင်း၊ ဝန်ထမ်းများအတွက် ထမ်းမံဆောက်လုပ်မည့် Modular Container House များ ရောက်ရှိမှုအခြေအနေနှင့် သယ်ယူရွှေ့ပြောင်းနေမှုအခြေအနေများကို လည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော မန္တလေးမြို့တော် စည်ပင်ဝန်ထမ်းအိမ်ရာ တိုက်ခန်းများ ပျက်စီးမှုအခြေအနေများကို လည်းကောင်း၊ ၁၀၆ လမ်းပေါ်ရှိ ငလျင်ဒဏ်သင့် မန္တလေးမြို့တော် စည်ပင်ရဲဝန်ထမ်းများအတွက် Modular Container House များ ဆောက်လုပ်ပေးနေမှု အခြေအနေများကို လည်းကောင်း၊ ရေ၊ မီး၊ မိလ္လာရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်သို့ ရောက်ရှိရာ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်က ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မဆောင်အား လိုက်လံရှင်းလင်းပြသပြီး ထိခိုက်ပျက်စီးခဲ့သော ဌာနများရှိ အခန်းများအား တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ အမရဌာနီအရှေ့ရပ်ရှိ ဇောင်းတော်ရဆုတောင်းပြည့် မြတ်စွာဘုရား၊ ရေနားပရိယတ္တိစာသင်တိုက်တို့တွင် ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော နှစ်ထပ်ကျောင်းဆောင်အား ကြည့်ရှုစစ်ဆေးကာ အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးအား အလှူငွေများ ဆက်ကပ်လှူဒါန်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမရပူရမြို့နယ် အိုးတော်ရပ်ကွက်ရှိ အောင်ချမ်းသာဘုရားသို့ သွားရောက်၍ ဂန္ထကုဋိတိုက်အား စက်ယန္တရားကြီးများ အသုံးပြုပြီး အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို လည်းကောင်း၊ တောင်ကြီးရပ်ရှိ ရွှေရင်းရဲ မြတ်စွာဘုရားနှင့် ချမ်းမြသာစည်မြို့နယ် တမ္ဗဝတီရပ်ကွက်ရှိ ရှင်လွန်းမယ်ဘုရားတို့သို့ ရောက်ရှိ၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား စက်ယန္တရားများနှင့် တပ်မတော်သားစစ်သည်များက ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများက ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအတွင်း/ အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းအနေဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများက စုပေါင်းလုပ်အားပေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် ငလျင်ဒဏ်ကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် စာမေးပွဲဖြေဆိုမှုအား အစားထိုးပြန်လည်ဖြေဆိုနေသော ကျောင်းသား ကျောင်းသူများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ကြီးနှင့် ဘာသာရပ်အလိုက် ဌာနမှူးများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ကျောက်ဆည်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများအား ပြန်လည်ပြုပြင်ပြီးစီး၍ ကျောင်းသားကျောင်းသူများ အဆင်ပြေကောင်းမွန်စွာ တက်ရောက်ပညာသင်ကြားနေမှုအခြေအနေများနှင့် လက်တွေ့စမ်းသပ်ခန်းများတွင် လေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း၌ Modular Container House များဖြင့် ယာယီရုံးဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိုးလေဝသ ခန့်မှန်းချက်

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်**။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်ပါသည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ သိင်္ဂီမြင့်<br>ဒုတိယပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဦးလှအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |




## နည်းပြ ဆီမွန်နီအင်ဇာဂီ အယ်လ်ဟီလယ်အသင်းအား ကိုင်တွယ်သွားမည်



**လန်ဒန် ဇွန် ၄**

နည်းပြ ဆီမွန်နီအင်ဇာဂီသည် ယမန်နေ့က အင်တာမီလန်အသင်းနှင့် လမ်းခွဲပြီးနောက် ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်ဟီလယ်အသင်းအား ကိုင်တွယ်သွားမည်ဖြစ်သည်။

အဆိုပါ နည်းပြသည် အယ်လ်ဟီလယ်အသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကိုလည်း ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

နည်းပြ အင်ဇာဂီသည် နည်းပြဘဝတစ်လျှောက်တွင် လာဇီယို၊ အင်တာမီလန်အသင်းတို့ကို ကိုင်တွယ်ခဲ့ပြီး ဆုဖလား များစွာရယူကာ အောင်မြင်မှုများ ရယူနိုင်ခဲ့သည့် နည်းပြတစ်ဦးလည်း ဖြစ်သည်။

ထို့ကြောင့် နည်းပြ ဆီမွန်နီအင်ဇာဂီအနေဖြင့် ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်ဟီလယ်အသင်းနှင့်လည်း အောင်မြင်မှုများ ရယူသွားဦးမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)
(NGB)

## အန်ဂျလိုစတယ်လာ၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၅၀ အထိ စတုဂတ်အသင်းအလိုရှိ

**လန်ဒန် ဇွန် ၄**

ဘွန်ဒက်လီဂါကလပ် စတုဂတ်အသင်းသည် အသင်းကွင်းလယ်ကစားသမား အန်ဂျလိုစတယ်လာ၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၅၀ အထိ အလိုရှိနေသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား အန်ဂျလိုစတယ်လာသည် စတုဂတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၈၀ကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

စတုဂတ်အသင်းကလည်း အန်ဂျလိုစတယ်လာအတွက် ၎င်းတို့ အလိုရှိသည့် ပြောင်းရွှေ့ကြေး အတိုင်းပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် စတုဂတ်အသင်း အလိုရှိသည့် ပြောင်းရွှေ့ကြေး အတိုင်းပေးချေပြီး အန်ဂျလိုစတယ်လာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## ကိုဗာဆစ် ဖနောင့်ဒဏ်ရာကြောင့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲအား လွဲချော်မည်

**လန်ဒန် ဇွန် ၄**

မန်ချက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ကိုဗာဆစ် ဖနောင့်ဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူမည်ဖြစ်သောကြောင့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်သွားမည်ဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် မေလကတည်းက ဒဏ်ရာရရှိခဲ့ပြီး အဆိုပါဒဏ်ရာကို လက်ရှိအချိန်မှသာ ခွဲစိတ်ကုသမှု ခံယူလာခဲ့ခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား ကိုဗာဆစ်သည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၈ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

မန်ချက်စတာစီးတီးအသင်းသည် ကလပ်ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၈ ရက်တွင် မော်ရိုကို ချန်ပီယံဝိုင်ဒက်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (NGB)




## ကယ်လေဟာအား ငါးနှစ်စာချုပ်ဖြင့် ဘရန့်ဖို့ဒ်အသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၄**

ဘရန့်ဖို့ဒ်အသင်းသည် လီဗာပူးအသင်းဂိုးသမား ကယ်လေဟာအား ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားကာ လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရန့်ဖို့ဒ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကယ်လေဟာက "ကျွန်တော် ဘရန့်ဖို့ဒ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဘရန့်ဖို့ဒ်အသင်း အောင်မြင်ဖို့ အစွမ်းကုန်ပေးဆပ်ကစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## နွေရာသီဈေးကွက်အတွင်း စပါးအသင်းမှ ဆွန်ဟောင်မင် ထွက်ခွာသွားဖွယ်ရှိ

**လန်ဒန် ဇွန် ၄**

စပါးအသင်း တိုက်စစ်မှူး ဆွန်ဟောင်မင်သည် လက်ရှိ နွေရာသီဈေးကွက်အတွင်း အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဆော်ဒီပရိုလိဂ်ကလပ်အသင်းများအပြင် ဥရောပကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



တိုက်စစ်မှူး ဆွန်ဟောင်မင်သည် စပါးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၅၄ ပွဲကစားပြီး ၁၇၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းကို ယူရိုပါလိဂ်ချန်ပီယံဆုဖလားရရှိအောင် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် ဆွန်ဟောင်မင်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း စပါးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Iga Swiatek တက်ရောက်

**ပဲရစ် ဇွန် ၄**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။**(အောက်ယာပုံ)**

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် ယူကရိန်း တင်းနစ်မယ် Elina Svitolina အား ၆-၁၊ ၇-၅ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ဘီလာရုစ်တင်းနစ်မယ် Aryna Sabalenka တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)



### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၅-၆-၂၀၂၅ ကြာသပတေးနေ့ | ညနေ ၆း၀၀ နာရီ | စင်ကာပူ - မော်လ်ဒိုက်စ် |
| ။ | ညနေ ၆း၃၀ နာရီ | ကမ္ဘောဒီးယား - တာဂျီကစ္စတန် |
| ။ | ။ | ဟောင်ကောင် - နီပေါ |
| ။ | ည ၁၀း၃၀ နာရီ | ဂျော်ဂျီယာ - တရိုးကျွန်းစုများ |
| ။ | ည ၁၁း၃၀ နာရီ | ဘီလာရုစ် - ကာဇက်စတန် |

### ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးခြေစစ်ပွဲ (တောင်အမေရိကဇုန်) (ပွဲစဉ်-၁၅) (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(ပထမအကျော့ရလဒ်) | ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲရလဒ် |
|---|---|---|---|
| ၆-၆-၂၀၂၅ သောကြာနေ့ | နံနက် ၅း၃၀ နာရီ | (၂)အီကွေဒေါ - ဘရာဇီး(၄)<br>(ဘရာဇီး ၁-၀ အီကွေဒေါ) | အီကွေဒေါ ၁-၁ ဘရာဇီး<br>ဘရာဇီး ၂-၀ အီကွေဒေါ |
| ။ | ။ | (၅)ပါရာဂွေး - ဥရုဂွေး(၃)<br>(ဥရုဂွေး ၀-၀ ပါရာဂွေး) | ပါရာဂွေး ၀-၁ ဥရုဂွေး<br>ဥရုဂွေး ၀-၀ ပါရာဂွေး |
| ။ | နံနက် ၀၇း၃၀ နာရီ | (၁၀)ချီလီ - အာဂျင်တီးနား(၁)<br>(အာဂျင်တီးနား ၃-၀ ချီလီ) | ချီလီ ၁-၂ အာဂျင်တီးနား<br>အာဂျင်တီးနား ၁-၁ ချီလီ |

### ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ (ဆီမီးဖိုင်နယ်) ပွဲစဉ် (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၆-၆-၂၀၂၅ သောကြာနေ့ | နံနက် ၀၁း၃၀ နာရီ | စပိန် - ပြင်သစ် | စပိန် ၂-၁ ပြင်သစ် (ယူရို ၂၀၂၄ ဆီမီး) |

### ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးခြေစစ်ပွဲ (အာရှဇုန်) တတိယအဆင့် အုပ်စုလိုက်(ပွဲစဉ်-၉) (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပထမအကျော့ရလဒ် |
|---|---|---|---|---|
| ၅-၆-၂၀၂၅ ကြာသပတေးနေ့ | ညနေ ၅း၄၀ နာရီ | C | ဩစတြေးလျ - ဂျပန် | ဂျပန် ၁-၁ ဩစတြေးလျ |
| ။ | ည ၈း၁၅ နာရီ | C | အင်ဒိုနီးရှား - တရုတ် | တရုတ် ၂-၁ အင်ဒိုနီးရှား |
| ။ | ည ၁၀း၃၀ နာရီ | A | ယူအေအီး - ဥဇဘက်ကစ္စတန် | ဥဇဘက်ကစ္စတန် ၁-၀ ယူအေအီး |
| ။ | ။ | B | အိုမန် - ဂျော်ဒန် | ဂျော်ဒန် ၄-၀ အိုမန် |
| ။ | ။ | C | ဘာရိန်း - ဆော်ဒီအာရေဗျ | ဆော်ဒီအာရေဗျ ၀-၀ ဘာရိန်း |
| ၆-၆-၂၀၂၅ သောကြာနေ့ | နံနက် ၀၀း၄၅ နာရီ | A | မြောက်ကိုရီးယား - ကာဂျစ္စတန် | ကာဂျစ္စတန် ၁-၀ မြောက်ကိုရီးယား |
| ။ | ။ | A | ကာတာ - အီရန် | အီရန် ၄-၁ ကာတာ |
| ။ | ။ | B | ကူဝိတ် - ပါလက်စတိုင်း | ပါလက်စတိုင်း ၂-၂ ကူဝိတ် |
| ။ | ။ | B | အီရတ် - တောင်ကိုရီးယား | တောင်ကိုရီးယား ၃-၂ အီရတ် |

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင် နွေရာသီ တယောမွမ်းမံသင်တန်းဆင်းပွဲနှင့် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပေးအပ်ပွဲအခမ်းအနား တက်ရောက်



**မကွေး ဇွန် ၄**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံ တယောမွမ်းမံ သင်တန်းဆင်းပွဲနှင့် ပညာသင် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်း အနားကို ဇွန် ၁ရက် နံနက်ပိုင်း က မကွေးမြို့နယ် စုပေါင်းရုံး ခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲ နှင့် ထောက်ပံ့ကြေးငွေပေးအပ် ပွဲအခမ်းအနားသို့ မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဇနီး၊ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ် သိန်းထွန်း ဦး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဥပဒေချုပ်၊ တိုင်းဒေသ ကြီး၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းအဖွဲ့များ၊ သင် တန်းနည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသ ကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က ဗလငါးတန်နဲ့ ပြည့်စုံပြီး သင်တန်း မှုရရှိတဲ့ ဗဟုသုတနဲ့ အတတ် ပညာများကို အခြေခံပြီး မိမိတို့ အနာဂတ်တိုးတက်ကောင်းမွန်စေ ရန်နှင့် အများနဲ့ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်တတ်စေရန် ရည်ရွယ် ၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မင်းဘူးခရိုင်၊ ပွင့်ဖြူ မြို့နယ်၊ မုန်းဇလဲကျေးရွာမှ မီးဘေးသင့် ခဲ့သော ကျောင်းသား၊ ကျောင်းသူ များအား ပညာသင်ထောက်ပံ့ငွေ များ ပေးအပ်မည်ဖြစ်ပြီး သားတို့၊ သမီးတို့အနေနဲ့လည်း တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပို့ချတဲ့ ပညာရပ်များကို လုံ့လဝီရိယစိုက် ၍ လေ့လာသင်ယူပြီး ဗလငါးတန် နှင့်ပြည့်စုံသော နိုင်ငံ့သားကောင်း၊ သမီးကောင်းများပေါ်ထွက်လာ စေရန်၊ အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်လိုသော စိတ်ဓာတ်များနှင့် ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များ စဉ် ဆက်မပြတ် ပေါ်ထွန်းလာစေရေး အတွက် ကြိုးပမ်းဆောင်ရွက် သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဥယျာဉ်မှူးကိုယ်ပိုင် ကျောင်းမှ Grade-6 ကျောင်း သားမောင်လွင်သန့်ထူးအောင်က တစ်ကိုယ်တော်တီးခတ်ဖျော်ဖြေ ၍ နွေရာသီ တယောသင်တန်း ကျောင်းမှ ကျောင်းသား၊ ကျောင်း သူလေးများက "နှလုံးသားကို အလှဆင်ပါ" သီချင်းဖြင့် အဖွဲ့လိုက် တီးခတ်ဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ်၊ မုန်းဇလဲကျေးရွာမှ မီးဘေးသင့် ခဲ့သည့် တက္ကသိုလ်၊ဒီဂရီကောလိပ် များတွင် ပညာသင်ယူကြမည့် ကျောင်းသား၊ ကျောင်းသူ ၂၂ဦး အား ပညာသင်ထောက်ပံ့ကြေး ငွေများနှင့် နွေရာသီ တယော မွမ်းမံသင်တန်းမှ သင်တန်းနည်းပြ များနှင့်သင်တန်းသား၊ သင်တန်း သူများကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဇနီး တို့က ဆုများအသီးသီး ပေးအပ် ခဲ့သည်။ ထို့နောက် တက်ရောက် လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ တယောမွမ်းမံ သင်တန်းမှ သင်တန်းသား၊ သင် တန်းသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက် ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

* – * – * – * – * – *



# လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**စဉ့်ကိုင် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ပြည်နယ်အသီး သီးရှိ ကျေးရွာများကို ရွေးချယ်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးရေးနှင့် ကျေးလက်နေ ပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပွားရေး စီမံကိန်း ကို အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိသည့် လူသုံးကုန် ပစ္စည်းထုတ်လုပ်မှုနည်းပညာသင် တန်းကို ယမန်နေ့ နံနက်၉နာရီ က ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင် မြို့နယ်၊ ထန်းသုံးပင်စံပြကျေးရွာ ရွာလယ်မွေ့ရုံအတွင်း၌ ဖွင့်လှစ် သည်။

အဆိုပါသင်တန်းတွင် မန္တလေး တိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်း ဒေသကြီး ညွှန်ကြားရေးမှူးဦးဝင်း ဗိုလ်က အဖွင့်အမှာစကားပြော ကြားပြီးနောက် သင်တန်းကို ပြည်တွင်းဈေးကွက်၌ အရည်အ သွေးပြည့်မီသော ထုတ်ကုန်ပစ္စည်း များအား သက်သာသော နှုန်း ထားများဖြင့် ပြည်သူများအသုံး ပြုနိုင်ရန်၊ ဒေသထွက်ကုန်ကြမ်း ပစ္စည်းများကိုအခြေခံ၍ တန်ဖိုး မြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင် စေရန်၊ အခြေခံလူတန်းစားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ အသေးစားကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြည်တွင်းမှဝယ်ယူရရှိ နိုင်သည့် ကုန်ကြမ်းပစ္စည်းများကို အခြေခံ၍ လူသုံးကုန်ပစ္စည်း အမျိုးမျိုးကို သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများအဖြစ် နည်းစနစ်ကျကျ ထုတ်လုပ်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ထူထောင် လုပ်ကိုင်နိုင်စေရန်တို့ကို ရည်ရွယ်ကာ ယခုလိုသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်း သော်က အမှာစကားပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက စီမံကိန်းလုပ် ငန်းအကောင်အထည်ဖော်ရေး ကော်မတီထံသို့ စီမံကိန်းလုပ်ငန်း တာဝန်များကို ပေးအပ်ခဲ့ရာတာဝန် ရှိသူများက လက်ခံရယူကြသည်။ ဆက်လက်၍ သင်တန်းသူများက တစ်ဦးချင်းစီအလိုက် မိတ်ဆက် စကားနှင့် သင်တန်းတက်ရောက် ရသည့် ရည်ရွယ်ချက်များကို ပြော ကြားပြီးအမှတ်တရ စုပေါင်းမှတ် တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ သင် တန်းနည်းပြများက သင်တန်းသူ များအား စာတွေ့၊ လက်တွေ့ သင် ကြားပို့ချပေးခဲ့ကြောင်းနှင့် သင် တန်းကို ဇွန် ၂ရက်မှ ၈ရက် အထိ နေ့စဉ် နံနက်၉နာရီခွဲမှ ညနေ ၃နာရီအထိ ဖွင့်လှစ်ပို့ချ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)

(၃၉၉)

# မိုင်းသောက်ပရဟိတဂေဟာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ ဇွန် ၄**

ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေ မြို့နယ်ရုံးသည် လူငယ်လူရွယ် များ၊ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူလေးများ အသိပညာ ဗဟုသုတတိုးပွားလာစေရန်၊ အချိန် ကိုအကျိုးရှိစွာ အသုံးချတတ်စေ ရန်နှင့် စာဖတ်ခြင်းအလေ့အထ ကောင်းများ ရရှိစေရန်အတွက် အခြေခံပညာကျောင်းများ၊ ပရဟိတ ဂေဟာများနှင့် ကျေးရွာများသို့ သွားရောက်၍ နယ်လှည့်စာကြည့် တိုက်ဖွင့်လှစ်ခြင်း၊ အသိပညာပေး ဟောပြောပွဲနှင့် အသိပညာပေး ပြပွဲများ ကွင်းဆင်းဆောင်ရွက် လျက်ရှိရာ ဇွန် ၅ရက်တွင် ကျ ရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အကြို အသိပညာပေးဟောပြော ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်၊ ညောင်ရွှေ မြို့နယ်၊ မိုင်းသောက်ကျေးရွာ ရှိ မိုင်းသောက်ပရဟိတဂေဟာ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညောင်ရွှေမြို့နယ်ရုံး ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က ကမ္ဘာ့ပတ်ဝန်း ကျင် ထိန်းသိမ်းရေးနေ့အကြောင်း သိကောင်းစရာများ၊ ပလတ်စတစ် စတင်ပေါ်ပေါက်လာပုံ၊တွင်ကျယ် စွာ အသုံးပြုလာကြပုံများ၊ ပလတ် စတစ်နှင့် အခြားစွန့်ပစ်ပစ္စည်း များကြောင့် ကမ္ဘာ့ပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းမှုများ၊ ပလတ် စတစ်အန္တရာယ်အကြောင်းနှင့် လျှော့ချသုံးစွဲရန် နည်းလမ်းများ အကြောင်းကို အသိပညာပေး ဟောပြောသည်။

ဟောပြောပွဲအပြီးတွင် ကျောင်း သား၊ ကျောင်းသူလေးများက သိရှိလိုသည်များကို မေးမြန်းကြ ရာ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေ မြို့နယ်ရုံး ဦးစီးအရာရှိက ပြန် လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**တောင်တွင်းကြီး ဇွန် ၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စုများအလိုက် ယမန် နေ့မှ စတင်၍ မြို့နယ်မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါစိုက်ပျိုးစရိတ်ချေးငွေ များကို တောင်သူများ လက်ဝယ် အရောက် စက်တင်ဘာလကုန် အထိ ထုတ်ချေးပေးသွားမည်ဖြစ် ပြီး စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ နှမ်းတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထုတ်ချေးပေးလျက်ရှိပြီး အတိုး နှုန်းအနေဖြင့် ငွေကျပ် ၁၀၀ လျှင် ၄၂ ပြားနှုန်းဖြင့် ပြန်လည်ပေးဆပ် ရမည်ဖြစ်ပြီး နောက်ဆုံးသတ်မှတ် ရက်တွင် အရင်းနှင့်တကွ ကျသင့် သည့်အတိုးကို ပြန်လည်ပေးဆပ် ရမည်ဖြစ်သည်။

တောင်တွင်းကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စုမှ တောင်သူ ၇၉၈ ဦး ကို စိုက်ဧက ၂၂၈၄ အတွက် ငွေကျပ်သိန်းပေါင်း ၃၀၅၁၅၀၀၀၀ အား ထုတ်ချေးပေးနိုင်ခဲ့ပြီးဖြစ် ကြောင်းနှင့် ကျန်ကျေးရွာအုပ်စု များကိုလည်း ဆက်လက်ထုတ် ချေးပေးသွားမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့ မြန်မာ့လယ် ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

**နောင်နောင်(ဗိသုနိုးမြေ)**

## အခြေခံစက်ချုပ်နည်းပညာသင်တန်း အခမဲ့ဖွင့်လှစ်

**ကျောက်ဆည် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ကျောက်ဆည်မြို့နယ် မယ်ဇယ်ပင်ကျေးရွာ မာရ်အောင်မြင် ဘုရားဝင်းတွင် အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး လုပ်ငန်းစီမံကိန်းအဖြစ် ဇွန် ၃ ရက် မွန်းလွဲပိုင်းက အခြေခံစက်ချုပ်နည်းပညာသင်တန်း အခမဲ့ဖွင့်လှစ်ခဲ့သည်။

အခြေခံစက်ချုပ်နည်းပညာသင်တန်းတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းမိုလ်က နည်းပညာများကို ကြိုးစားသင်ယူကြစေလိုကြောင်း၊ မိသားစုတစ်ဦးချင်းဝင်ငွေတိုးတက်ရေးအတွက် အခြေခံစက်ချုပ်ပညာများသည် လက်တွေ့အသက်မွေးဝမ်းကျောင်းပညာဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် စိတ်ပါဝင်စားစွာ ကြိုးစားသင်ယူသွားကြရန် အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးအောင်သူက စီမံကိန်းလုပ်ငန်းကို ကျေးရွာကော်မတီထံသို့ ပေးအပ်သည်။



အဆိုပါအခြေခံစက်ချုပ်နည်းပညာသင်တန်းကို ဇွန် ၂ရက်မှဇူလိုင် ၁ရက် အထိ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သင်တန်းတွင် ထူးချွန်သူ ငါးဦးအား ရွေးချယ်ကာ လုပ်ငန်းများထူထောင်နိုင်ရန် စက်ပစ္စည်းများထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းနည်းပြများဖြစ်သည့် ဒေါ်မြနှင်းဦးနှင့် ဒေါ်နွယ်နီအောင်တို့ကစာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ မယ်ဇယ်ပင်ကျေးရွာမှသင်တန်းသူ ၁၁ ဦး တက်ရောက်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

တင်တင်ထွေး



## လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ပခုက္ကူ ဇွန် ၄**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇွန် ၃ရက် နံနက်၉နာရီခွဲက လူထုအခြေပြုဗဟိုဌာန(Community centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာမ အသွင်ဆန်း (ပခုက္ကူ)က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာ သုခဆွေ(ပညာရေး)က "ဟာသစာပေအကြောင်းတစေ့တစောင်း" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာသည့် မြို့နယ်စာရေးဆရာ အသင်းဝင်စာရေးဆရာ၊ ဆရာမများ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက ပြန်လည်ဆွေးနွေးကြပြီး ခရိုင်ပြည်သူ့စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်၊ စာစောင်များကို မြို့နယ်စာရေးဆရာအသင်းက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)(၃၄၀)

## ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး

**မြစ်သား ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းရန်ပုံငွေဖြင့် ကြောင်ပန်းကုန်းကျေးရွာအုပ်စု၊ စစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ဇွန် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ သွားရောက်ပြီး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့်ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ စစ်ကုန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP)စီမံကိန်း ရန်ပုံငွေကျပ် ၁၅သန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် သတ်မှတ်လမ်းအကျယ်ရရှိရေး မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းအား စံသတ်မှတ်ချက်များနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားနိုင်ရေး စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မြစ်သားမြို့နယ် စစ်ကုန်းကျေးရွာ၌ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေတို့ကိုအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အောက်ဝဲပုံ)(၄၄၅)



## မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ယာယီသိုလှောင်ရုံနှင့် ရေဖြန့်ဝေနေရာများသို့ ကြည့်ရှု

**မန္တလေး ဇွန် ၄**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော ငလျင်တုံ့ပြန်ရေးလုပ်ငန်းများတွင် နည်းပညာနှင့်လူမှုကရုဏာ အကူအညီများ ပေါင်းစပ်ညှိနှိုင်းရန်အတွက် ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်းမှ Head of Region (Eurasia)Ms.Joanna Rabziukiewicz နှင့် Country Manager Mr.FabioBeltramini, Program Delegate Mr.Siarhei Baltrushevic နှင့် တာဝန်ရှိသူများသည် ဇွန် ၁ ရက်က မန္တလေးမြို့သို့သွားရောက်



၍ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့်ကော်မတီဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဌာနညွှန်ကြားရေးမှူး ဒေါ်မိုးသီတာဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးစည်သူတိုးညွန့်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် ယာယီသိုလှောင်ရုံဆောက်လုပ်နေသည့် ဧရာဝတီတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် သွားရောက်တွေ့ဆုံခဲ့ပြီး အမရပူရမြို့နယ်ရှိ ရေဖြန့်ဝေရာနေရာများသို့ သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခဲ့သည်။

အလားတူ ဒိန်းမတ်ကြက်ခြေနီအဖွဲ့သည် စစ်ကိုင်းမြို့ရှိ ရေဖြန့်ဝေရာနေရာ၊ ကလေးပျော်စင်တာပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ယာယီငလျင်ဘေးရှောင်စခန်းများသို့လည်း သွားရောက်ကြည့်ရှုခဲ့ကြောင်းသိရသည်။ (အပေါ်ဝဲပုံ)(ဝ၄၅)

## ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ငွေများ ပေးအပ်

**ကလော ဇွန် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ဝန်ထမ်းနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၃ရက် နံနက် ၉ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ပြီး ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းနှင့် ဝန်ထမ်းသားသမီးများမှ တက္ကသိုလ်တက်ရောက်နေသည့် ဝန်ထမ်း ၁၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဝန်ထမ်းသားသမီးများဖြစ်သည့် မူလတန်း၊ မူကြို၊ KGတန်းမှ ကျောင်းသား၊ ကျောင်းသူ ၁၀ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ စုစုပေါင်း ၂၁ဦးအတွက် ငွေကျပ် ၁၆၀၀၀၀၀သိန်းနှင့် တစ်ဦးလျှင် ၁၅၀၀၀ တန်ဖိုးရှိ စာအုပ်နှစ်ဒါဇင်နှင့် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံးကျောပိုးအိတ် တစ်လုံး၊ စုစုပေါင်း ၂၁ဦးအတွက် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ငွေကျပ် ၁၆၈၀၀၀၀အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ဆံပင်သန်မာရန်အတွက် အရေးကြီးသည့် ဘိုင်အိုတင်

ဘိုင်အိုတင်သည် ဆံပင်၊ အသားအရေနှင့် ခြေသည်း၊ လက်သည်းတွေ ကျန်းမာစေရန် ပြုလုပ်ပေးသည့် Keratin ဟုခေါ်သော ပရိုတင်းကို ထုတ်လုပ်ရာတွင် ကူညီပေးပါတယ်။ ဆံပင်မှာ Keratin ၉၀ ရာခိုင်နှုန်းခန့် ပါဝင်ပြီး Keratin က ဆံပင်ကို ရှည်လျားစေခြင်း၊ ရှုပ်ထွေးပြီး ကျိုးကြေခြင်းတွေ မဖြစ်အောင် ကာကွယ်ပေးခြင်းနှင့် ပိုးသားလို နူးညံ့တောက်ပြောင်စေခြင်း စတဲ့ အာနိသင်တွေ ရှိပါတယ်။

ယခုအခါ ဘိုင်အိုတင်ကို ဆံသား ကျန်းမာရေးအတွက် အဓိကအရေးပါသည့် ဓာတ်တစ်ခု ဖြစ်မှန်း သိလာကြပြီး Shampoos နဲ့ Conditioners တွေမှာ တွင်ကျယ်စွာ ထည့်သွင်းအသုံးပြုလာကြပါပြီ။

ဆံပင်ကျွတ်တဲ့ အမျိုးသမီးတွေကို သုတေသနလုပ်ရာမှာ ၃၈ ရာခိုင်နှုန်းခန့်က ဘိုင်အိုတင် ချို့တဲ့နေကြောင်း တွေ့ရှိခဲ့ပါတယ်။ ဆံပင်ကျွတ်လွယ်တဲ့သူတွေကို ဘိုင်အိုတင် ခြောက်လခန့် ပေးကြည့်တဲ့အခါ ဆံသားထူလာခြင်း၊ ဆံပင်အုံထူလာခြင်း၊ ဦးရေပြားကောင်းလာခြင်းကို တွေ့ရပါတယ်။

ဆံပင်ကျွတ်စေသည့် အကြောင်းအရာများဖြစ်သော မျိုးရိုးဗီဇကြောင့် ထိပ်ပြောင်ခြင်း၊ သိုင်းရွိုက်ဟော်မုန်း မညီမျှမှုကြောင့် ဆံပင်ကျွတ်ခြင်း၊ ဆေးကုသမှုကြောင့် (ဥပမာ-ကင်ဆာဆေးသွင်းခြင်း)ဆံပင်ကျွတ်ခြင်း၊ သံဓာတ်၊ ဇင့်ဓာတ်နှင့် ပရိုတင်း ချို့တဲ့မှုကြောင့် ဆံပင်ကျွတ်ခြင်း မျိုးအတွက် ဘိုင်အိုတင်က ထူးခြားမှုရှိမှာ မဟုတ်ပါဘူး။

အစားအစာတွေထဲမှာ ဘိုင်အိုတင်ပါဝင်လေ့ရှိတာကြောင့် ဘိုင်အိုတင် ချို့တဲ့မှုက အဖြစ်နည်းပါတယ်။ ကလီစာတွေ၊ ဥ အနှစ်၊ အစိမ်းရောင် ဟင်းသီးဟင်းရွက်များ၊ ပန်းဂေါ်ဖီ၊ မှို၊ ပဲအမျိုးမျိုး၊ ဒိန်ချဉ်၊ ချိစ်တွေက ဘိုင်အိုတင် ကြွယ်ဝတဲ့ အစားအစာတွေပါ။

* လက်သည်း၊ ခြေသည်းများက ကျွတ်ဆတ်ပြီး ကျိုးပဲ့လွယ်ခြင်း
* ဆံပင်ကျွတ်ခြင်း၊ထိပ်ပြောင်ခြင်း
* အရေပြားတွေက ငါးအကြေးခွံလိုဖြစ်ပြီး ကွာကျခြင်း
* နုံးချည့်ပြီး မလှုပ်ချင်၊ မကိုင်ချင် ဖြစ်နေခြင်း
* ခြေလက်တွေ ထုံနေခြင်း
* ကိုယ်ခံအားနည်းပြီး မကြာခဏ နေမကောင်းဖြစ်ခြင်း စသည့် လက္ခဏာများ ခံစားနေရလျှင် ဘိုင်အိုတင်ချို့တဲ့မှု ဖြစ်နိုင်ပြီး ဘိုင်အိုတင်ပါဝင်သည့် ဖြည့်စွက်စာ အားဆေးများ သောက်ဖို့ လိုအပ်နိုင်ပါတယ်။

ဘိုင်အိုတင်ကို လိုအပ်သည်ထက် ပိုမိုသုံးစွဲမိရင် အစာအိမ်နာခြင်း၊ အိပ်မပျော်ခြင်း၊ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားခြင်းများ ခံစားရနိုင်ပြီး ဘိုင်အိုတင်က ရေတွင် ပျော်ဝင်နိုင်သောကြောင့် အချိန်ကာလ တစ်ခုအကြာတွင် ဆီးထဲမှ စွန့်ထုတ်ပြီးသည့်အခါ သက်သာသွားနိုင်ပါတယ်။

ဆံသားများ တောက်ပြောင်ပြီး သန်စွမ်းလှပချင်ရင် ဘိုင်အိုတင်နှင့် ရင်းနှီးကျွမ်းဝင်ရန် လိုအပ်ပါတယ်။ ဒါကြောင့် အစားအစာတွေကနေ ရယူတာဖြစ်ဖြစ်၊ ဖြည့်စွက်စာ အားဆေးအနေနဲ့ သောက်တာဖြစ်ဖြစ်၊ ဘိုင်အိုတင် ပါတဲ့ Shampoos နှင့် Conditioners သုံးတာဖြစ်ဖြစ် ဘိုင်အိုတင်နှင့် လက်တွဲထားမှသာ ကျန်းမာလှပတဲ့ ဆံနွယ်များကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

**(Credit-internet) Daisy**






## အဝတ်အစားများကို အဝတ်ဗီရိုတွင် သပ်သပ်ရပ်ရပ်ဖြစ်နေစေမည့် နည်းလမ်းများ

အင်္ကျီအဝတ်အစားတွေ အများကြီးဝယ်ထားပေမယ့် သွားခါနီး၊ လာခါနီးမှ ဗီရိုရှေ့မှာ ကြည့်ရင်း ဘာဝတ်ရမှန်းမသိဖြစ်တတ်ကြပါတယ်။ ဝတ်ချင်တဲ့ အင်္ကျီရှာမတွေ့ခြင်း၊ ရှာတွေ့ပေမယ့်လည်း ကြေမွနေခြင်းကြောင့် စိတ်တွေရှုပ်ရင် အင်္ကျီတွေ နေရာတကျနှင့် ရှာရလွယ်ပြီး အမြဲသန့်ရှင်းသပ်ရပ်စေရန်အတွက် နည်းလမ်းကောင်းများကို မျှဝေပေးလိုက်ပါတယ်။

**(၁) အိတ်အကြီးများ (Shopping Bag)**

သိပ်မဝတ်ဖြစ်သော အင်္ကျီ အဝတ်အစားများ၊ အနွေးထည်များ၊ မတော်တော့သည့်အဝတ်အစားများကို ဖယ်ပြီး သပ်သပ်စီထားဖို့ ဆိုဒ်ကြီးကြီးအိတ်တွေက အသုံးဝင်စေမှာပါ။ အိတ်ကြီးတွေ မရှိဘူးဆိုရင် အဝတ်ထည့်ပုံးများ၊ ခြင်းများကို အသုံးပြုလို့ရပါတယ်။

**(၂) မှန်**

အဝတ်အစားတွေကို တော်၊ မတော်၊ လိုက်၊ မလိုက် ကိုယ်နှင့် ကပ်ကြည့်ရန် မှန်ကြီးကြီးတစ်ချပ် အနားတွင် ရှိသင့်ပါတယ်။ ဒါမှ သိမ်းသင့်ရင် သိမ်း၊ ထုတ်သင့်လျှင် ထုတ်ရန် လွယ်လွယ်ကူကူ ဆုံးဖြတ်လို့ရမှာပါ။

**(၃) ခြင်း**

အဝတ်များရှင်းရင်း ထွက်လာတဲ့ စက္ကူများ၊ ခေါင်းစည်းကြိုးများ၊ ကလစ်များနဲ့ ဘောင်းဘီအိတ်ကပ်တွေထဲမှာ ဘောက်ချာစာရွက်များ ထည့်ထားပြီး မေ့နေသောပိုက်ဆံတွေပါ ထွက်လာနိုင်သောကြောင့် ၎င်းကို သပ်သပ်သိမ်းနေမည့်အစား ခြင်းအလွတ်တစ်ခုထဲတွင် ခဏထည့်ထားခြင်းဖြင့် အဝတ်ရှင်းသည့်နေရာတွင် အနှောင့်အယှက် မဖြစ်စေတော့ပါ။

**(၄) သင့်တော်တာ ရွေးချယ်ရှင်းလင်းပါ**

ကိုယ်နှင့်မသင့်တော်တာတွေကို တစ်ချိန်ချိန်မှာ အသုံးဝင်နိုင်မှာပဲဆိုပြီး သိမ်းထားမိတာတွေကြောင့် တကယ်လိုအပ်တာကို ဗီရိုထဲမှာ မထည့်နိုင်တော့တဲ့အခါ ၎င်းပစ္စည်းများက ဗီရိုထဲမှာ နေရာယူနေကြပါတယ်။ ဒီလို တွေမဖြစ်စေရန် အတွက် အဝတ်အစားများကို လိုအပ်လျှင် သိမ်း၊ မလိုအပ်လျှင် ရှင်းထုတ်နိုင်ရန် Kon Mari Method အသုံးပြုပြီး လွယ်လွယ်ကူကူ ရွေးချယ်ရှင်း လင်းနိုင်ပါတယ်။

- အဝတ်အစားကို ကြိုက်သလား
- တကယ်ဝတ်မှာလား
- ကိုယ့် Style နဲ့ လိုက်ဖက်မှုရှိသလား

ဖော်ပြပါအချက်များကို သုံးသပ်ကြည့်ပြီး သုံးမျိုးလုံး ကိုက်ညီနေပြီဆိုလျှင် ဗီရိုထဲတွင် ထည့်သိမ်းထားပါ။ အဝတ်အစားအသစ်တွေ ခဏခဏ ဝယ်မိနေလျှင် ၎င်း Kon Mari နည်းလမ်းနှင့် တကယ် အသုံးလို၊ မလို ခွဲခြားနိုင်မည်ဖြစ်သည်။

**Daisy**

*-*-*-*-*

## အသက် ၃၀ အရွယ်တွင် အရေပြားကို ထိန်းသိမ်းစောင့်ရှောက်သင့်သော နည်းလမ်းများ

**(၁) မျက်နှာကို သန့်စင်ပါ။**

နေ့စဉ် နံနက်တိုင်း မျက်နှာကို သန့်စင်သင့်သလို ညအိပ်ရာမဝင်ခင်တွင်လည်း မိတ်ကပ် စသည်တို့ကို ဖယ်ရှားသန့်စင်ပြီးမှသာ အိပ်ရာဝင်သင့်ပါတယ်။ မျက်နှာသစ်ဆေးဟာလည်း ဈေးကွက်တွင် အများအပြားရှိသောကြောင့် မိမိ၏အသားအရေနှင့် လိုက်ဖက်မည့် ထုတ်ကုန်ပစ္စည်းများကို သေချာစွာ လေ့လာပြီးမှ ရွေးချယ်ဝယ်ယူအသုံးပြုသင့်ပါတယ်။

**(၂) အရေပြားမှ ဆဲလ်သေများကို ဖယ်ရှားပေးပါ (သို့မဟုတ်) Exfoliate လုပ်ပါ။**

အရေပြားမှ ဆဲလ်သေများ ဖယ်ရှားခြင်းကို နေ့ဘက်တွင် ပြုလုပ်ခြင်းထက် ညဘက်တွင် ပိုမိုပြုလုပ်သင့်ပါတယ်။ ညဘက်တွင် အရေပြားသည် ဆဲလ်အသစ် ပြုလုပ်သည့် လုပ်ငန်းဆောင်တာများကို ပြုလုပ်ခြင်းကြောင့် ညအိပ်ရာမဝင်ခင် ဆဲလ်သေများကို ဖယ်ရှားပေးခြင်းသည် အရေပြား၏ လုပ်ငန်းဆောင်တာများကို ပိုမိုတိုးတက်လာစေပါတယ်။ အရေပြားမှ ဆဲလ်သေများကို ဖယ်ရှားသည့်အခါ ညင်သာစွာ ပြုလုပ်ရန်လိုအပ်ပြီး တစ်ပတ်ကို နှစ်ကြိမ်အထိ ပြုလုပ်နိုင်ပါတယ်။

**(၃) နေရောင်ခြည်မှကာကွယ်ပါ။**

နေပူထဲထွက်တော့မည်ဆိုလျှင် မိမိ၏ အရေပြားကို ထိခိုက်စေနိုင်သော ဦးထုပ် စသော အဆောင်အကာများဖြင့် ကောင်းစွာကာကွယ်ရန် လိုအပ်ပါတယ်။ ထို့အပြင် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်ဖြင့် နေရောင်ခြည်ကို လုံခြုံစွာ ကာကွယ်ပေးနိုင်သည့် အဝတ်အထည်များကို ဝတ်ဆင်သင့်ပါတယ်။အကာအကွယ်မပါဘဲ နေရောင်အောက်မှာ သွားလာခြင်းဟာ အရေပြားပျက်စီးခြင်းနဲ့ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းတို့ကို အားပေးပါတယ်။

**(၄) နေရောင်ကာ လိမ်းဆေးခရင်မ်များကို အသုံးပြုပါ။**

အသားအရေကို နေရောင်ခြည်ဒဏ်မှ ကာကွယ်ရန် နေရောင်ကာ လိမ်းဆေးခရင်မ်များကိုလည်း အသုံးပြုပေးရပါမယ်။ အသုံးပြုရာတွင်လည်း ခရမ်းလွန်ရောင် အမျိုးအစား A သာမက B ကိုပါ ကာကွယ်ပေးနိုင်သော UVA/UVB နေရောင်ကာ လိမ်းဆေးခရင်မ်များကို ရွေးချယ်သင့်ပါတယ်။ မိုးရွာသောနေ့များ၊ မိုးအုံ့သောနေ့များတွင်လည်း နေရောင်ကာ လိမ်းဆေးခရင်မ်များကို လိမ်းပေးရန် လိုအပ်ပါတယ်။ နေရောင်ကာ လိမ်းဆေးခရင်မ်များနှင့်အတူ Antioxidants Serum (သို့မဟုတ်) Vitamin C Serum များကိုပါ တွဲဖက်အသုံးပြုသင့်ပြီး နေရောင်ကာ လိမ်းဆေးခရင်မ်ကို အချင်ဆုံးလိမ်းပေးရန် လိုအပ်ပါတယ်။

**(၅) အသားအရေကို ရေဓာတ်ဖြည့်တင်းပါ။**

မိမိအသားအရေကို ရေဓာတ်မခန်းခြောက်စေရန် ထိန်းသိမ်းခြင်းသည်လည်း အရေပြားနဲ့ အသားအရေကို နုပျိုစေသော နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ရေဓာတ်ဖြည့်တင်းရန်အတွက် ရေဓာတ်ဖြည့်တင်းပေးသော Moisturizer များကို ရေချိုးပြီးတိုင်း အသုံးပြု လိမ်းကျံသင့်ပါတယ်။

**(၆) ခန္ဓာကိုယ်ကို ရေဓာတ်ဖြည့်တင်းရန် ရေများများသောက်ပါ။**

ရေများစွာသောက်ခြင်းသည် ခန္ဓာကိုယ်တွင် ရေဓာတ်ဖြည့်တင်းရန် မဖြစ်မနေ လိုအပ်သောအရာတစ်ခုဖြစ်ပါတယ်။ ရေအပြင် သံပရာရည်ကိုလည်း သောက်သုံးနိုင်သည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်ပြီး အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများကို စားသုံးသင့်ပါတယ်။

**(၇) စိတ်ဖိစီးမှုကင်းရှင်းအောင်ကြိုးစားပါ။**

စိတ်ဖိစီးမှုကင်းရှင်းအောင် ပြုလုပ်ခြင်းသည် အပြောလွယ်သလောက် အလုပ်ခက်ပါတယ်။ သို့သော် စိတ်ဖိစီးမှုကင်းရှင်းအောင် ပြုလုပ်နိုင်ပါက အရွယ်မတိုင်မီ အရေပြား အိုမင်းရင့်ရော်ခြင်းမဖြစ်စေရန် တားဆီးရာမှာ များစွာ အထောက်အကူပြုပါတယ်။ မိမိစိတ်ပါဝင်စားသော၊ ဝါသနာပါသော အလုပ်များကို ပြုလုပ်ခြင်းသည် စိတ်ဖိစီးမှုကင်းရှင်းစေရန် အထောက်အကူပြုသည့်အတွက် နေ့စဉ် ၁၅ မိနစ်၊ မိနစ် ၂၀ ခန့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို ပြုလုပ်က စိတ်ဖိစီးမှုများကို လျှော့ချပေးနိုင်ပါတယ်။ **(Credit - internet)**

**Daisy**



# စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - ပြတင်းပေါက်များနှင့် အခြားရသအက်ဆေးများ
စာရေးသူ - မောင်ကြည်သာ(တောင်တွင်း)
ထုတ်ဝေသည့်စာပေတိုက် - TK စာပေ(မန္တလေး)
တန်ဖိုး - ၅၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ခလယ်
ထုတ်ဝေသည့်ကာလ - ၂၀၂၂ ခုနှစ်၊ မတ်လ

ဆရာနေမျိုး၏ အမှာစာနှင့် အတူ အက်ဆေး(၅၉)ပုဒ်ကို စုစည်းထားပြီး ရန်ကုန်မြို့ ကိုလတ်စာပေနှင့် မန္တလေးမြို့ TK စာပေတို့မှ ဖြန့်ချိသည်။ ပြတင်းပေါက်များ၊ ခရီး၊ မျှော်လင့်ခြင်း၊ ဖြေသိမ့်မှုနှင့် ငြိမ်းအေးခြင်း၊ မြက်ဖျားပေါ်က နှင်းစက်ကလေး၊ စွန့်လိုက်ခြင်း၊ အသံလုံခန်း၊ ကျွန်တော့်ရထား၊ ရွေးချယ်ခြင်း၊ အနုပညာ၊ ဘောလုံးကစားကွင်း၊ အချိန်များ၊ စောင်ကလေးတစ်ထည်၊ ငယ်ငယ်က ဘောလုံးကစားသမား၊ ကိုယ့်ကိုယ်ကိုယ်ဆယ်ယူခြင်း၊လိပ်စာ၊ ဖုန်းခေါ်သံ၊ မှန်ထဲက သူစိမ်း၊ ကြိုး၊ ကျွန်တော်၏မသိခြင်း၊ လက်ဖက်ရည်ဆိုင်၊ လွမ်း၊ နာကျင်ကြေကွဲ၊ လက်ဆောင်၊ ပွဲစဉ်ဇယား၊ စားရာ၊ မျက်လှည့်၊ပဲစိမ်းစားဥ၊ စောင့်ရခြင်း၊ သြဇာသီး၊ ဘူတာရုံနဲ့ရထား၊ မြကျွန်းညိုညို တက္ကသိုလ်သို့အလွမ်း၊ အခန်းနှင့် အခန်း၏အပြင်ဘက်စွတ်စိုမှု၊ ပန်းနဲ့ ရေ၊ လောင်ကျွမ်းခြင်း၊ တိုက်တစ်ခု၏ထောင့်များ၊ လွမ်းလိုက်ပါရဲ့ တက္ကသိုလ်၊ ကြာပစ်တိုင်းထောင်၊ ရထားပြတင်း၊ မောင်လူမိုက်သို့ သတိရခြင်း၊ ကောင်းကင်သစ်စာပေရှိခဲ့သလား၊ စာအုပ်ဖြစ်သွားတဲ့ ကျွန်တော်၊အနံ့အသက်၊ အသက်ကြီးပြီလို့ မယ်နှမကဆိုသလား၊ အော်သံကြားလား၊ ဆရာဇော်ဇော်အောင်၊ မောင်ကြည်သာဆိုတာ ဒီလောက်ပါပဲ၊ အခုစီးနေတာ ဘာရထားလဲ၊ ဆရာဇော်ဂျီ အတွင်းနဲ့အပ၊ စုတ်ချက်ပါးပါး၊ အဖေကဗျာဆရာ၊ ပန်းနုနှင်းဆီကို နမ်းရှိုက်ခြင်း၊ ခေတ်ရဲ့ခြေရာများကို ခြေရာခံခြင်း၊ ဘောလ်ပင်ကလေး၊ အဘိုးကြီးနဲ့အလွဲကြီး၊ ဝက်ဘာည၊ ရာသီ၏ဝိုးဝါးခြင်းများ၊ အလွမ်းဟာအချိန်မရွေး၊ အနီမောင် စာစုတို့ဖြစ်သည်။ အက်ဆေးအရသာခံစားချင်သူများ နှစ်သက်မည့်စာအုပ်ဖြစ်ရာ မန္တလေး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




# ဖော်ညွှန်းသီ

စာအုပ်အမည် - ကလေးပန်းချီ
စာရေးသူ - ချိုချိုအောင်
ထုတ်ဝေသည့်စာပေတိုက် - ခေတ်ပြိုင်မိုးကုပ်စက်ဝိုင်း
တန်ဖိုး - ၁၆၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - မေကြည်နူး(၇နှစ်)
ထုတ်ဝေသည့်ကာလ - ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ




ကလေးဗဟိုပြုသင်ကြားရေး လေ့လာချက် စာတမ်းဖြစ်ပြီး ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးစေဖို့ အထောက်အကူဖြစ်စေမည့် စာတမ်းငယ်ဖြစ်သည့်အပြင် ကလေးငယ်တို့၏ ရေးဆွဲထားသော ပန်းချီကားများစွာကို ရောင်စုံဖော်ပြထားသည်။ ပန်းချီကားများ၏ အောက်ခြေတွင် ပန်းချီကားအမည်၊ရေးဆွဲသူ ကလေးအမည်၊ အသက်တို့ကို ဖော်ပြပေးပြီး စာတမ်းပြုစုသူ ဆရာမ ချိုချိုအောင်၏ မှတ်ချက်ကို အမှတ်စဉ်ထားကာ ဘယ်ဘက်ခြမ်း၌ ဖော်ပြထားသည်။ ဆရာကြီး ဒေါက်တာ သန်းထွန်း၏ မှတ်ချက်ကို လက်ရေးမူနှင့်အတူ ညာဘက်ခြမ်းတွင် ဖော်ပြထားသည်မှာ စိတ်ဝင်စားဖို့ကောင်း၏။

စာအုပ်တွင် ဆရာကြီး ဒေါက်တာ သန်းထွန်းနှင့် ဆွေးနွေးခြင်း၊ မြန်မာမှုပန်းချီဆရာကြီး မောင်အေးမြင့်၏ ကလေးပန်းချီ သင်ကြားရေး စာတမ်းအပေါ် အတွေးမြင်ချက်၊ ဦးသန်းထွတ် (ပညာရေးတက္ကသိုလ်)၏ ကလေးပန်းချီနှင့်ပတ်သက်သည့် ထင်မြင်ချက် အမှာစာများပါရှိသည်။

စာတမ်းပြုစုသူ ဆရာမ ချိုချိုအောင်သည် ပန်းချီဆရာကြီး ဦးအောင်ခင်၏ သမီးဖြစ်ပြီး ပန်းချီ ဆရာမအဖြစ် အသက်မွေးဝမ်းကျောင်းကာ ပံသုစန္ဒာပန်းချီသင်တန်းဖွင့်လှစ်ထားသည်။

ကလေးပန်းချီစာအုပ်ပါ အချက်များကို ဖတ်ရှုသူမိဘ၊ ဆရာအပေါင်းတို့က ကိုယ့်ရဲ့ သားသမီးတပည့်တို့အပေါ် သင့်လျော်သည့် လမ်းညွှန်မှုအသုံးပြုချဉ်းကပ်သင်ပြနိုင်စေမည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့။




## ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား ဇွန် ၄**

ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် သဲကျွန်းကျေးရွာသို့ သွားရောက်ငှားရမ်းပေးခဲ့သည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျား စာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသ စာအုပ်မျိုးစုံ ၂၂၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တပတ် တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆိုအခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(ယာပုံ) မြို့နယ်(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ထိန်းသိမ်းအလှဆင် ပတ်ဝန်းကျင်

(လေးဆစ်တွဲ)

* လေ မြေ ရေ ဇီဝအားနဲ့
ဥတုများ အစမည် ။
အရသာနှင့် အသံ အနံ့တို့
ပျံ့နှံ့နေသည် ။
လူရယ်နဲ့ တိရစ္ဆာန်တည်
သက်ရှိအညီ ဘယ်မကွဲ ။
အနှစ်အစဉ်သို့
သစ်ပင်တို့ မျိုးဗီဇရယ်က
ပေါင်းခယှဉ်တွဲ ။

* ကမ္ဘာမြေ တည်တံ့မြဲစေဖို့
တွဲလက်ကမ်း စိတ်ညီနေ ။
ကိုယ့်ပတ်ဝန်းကျင်
စောင့်ရှောက်ပြုလို့ ထုဆစ်ကြလေ ။
သဘာဝရဲ့ အရင်းမြစ်တွေ
ကာကွယ်စေ ကျိုးဆောင်ထမ်း ။
ပေးမှန်မလွယ်
ဘေးအန္တရာယ် ကင်းစင်ဝေး ကာပ
အေးမြငြိမ်းချမ်း ။

* သယံဇာတ ပေါကြွယ်လျှမ်းလို့
နိုင်ငံအဝန်း ချမ်းသာအစဉ် ။
ခုနှစ်တိုင်းရဲ့ ဇွန် ၅ ရက် ကိုပ
တည်လျက်နေ့တွင် ။
လူသားတွေအတွက် ကောင်းမြတ်အသွင်
ကျိုးပြုအစဉ် အချိန်မျှမို့ ။
မြတ်မွန်းတင်
ပတ်ဝန်းကျင်သယံဇာတ ကိုဖြင့်
(ကမ္ဘာမြေပတ်ဝန်းကျင်ကိုပ)
ထိန်းသိမ်းကြစို့ ။ ။

(၂၀၂၅ ခုနှစ်၊ ဇွန် ၅ ရက်နေ့တွင် ကျရောက်သော 'ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့'အား ကြိုဆိုဂုဏ်ပြုရေးဖွဲ့ပါသည်။)

**မင်းမြတ်မိုး(မန်းမြေ)**






## ငလျင်ဒဏ်သင့်ခဲ့ကြသော ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဗီယက်နမ်နိုင်ငံသား ဘုန်းတော်ကြီးနှင့် အလှူရှင်များက အလှူငွေများလှူဒါန်း

**မန္တလေး ဇွန် ၄**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ခဲ့ကြသော ဘုန်းတော်ကြီးကျောင်း ၅၀ အား ဗီယက်နမ်နိုင်ငံသား ဘုန်းတော်ကြီးနှင့်အလှူရှင်များက အလှူငွေကျပ် ၁၀သိန်းစီ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂ရက် နံနက် ၉နာရီက မန္တလေး၊အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့ရှိ ခင်မကန်တိုက်၊ မဟာဝိဇယာရာမ ဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေရတုတိပိဋကဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ တိုက်အုပ်ဆရာတော်ဘဒ္ဒန္တသုဇန၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသ အမှူးပြုသော ကျောင်းတိုက် ၅၀မှ ကျောင်းထိုင်ဆရာတော်များ၊ အမေရိကန်နိုင်ငံ၊ Oklahoma ပြည်နယ်ရှိ Chánh Pháp ဓမ္မတရားစင်တာ အကျိုးတော်ဆောင်နှင့် သာသနာပြုဆရာတော် Thuong Toa ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၉၀)၊ ရမ္မာဝတီလမ်း၊ မဟာပုညဝိဟာရကျောင်းမှ ဗီယက်နမ်နိုင်ငံသား ဆရာတော်သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တဝိမလနှင့်အဖွဲ့ဝင်များတက်ရောက်ကြသည်။

ဆက်လက်၍ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အလှူရှင်များက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အမေရိကန်နိုင်ငံ၊ အိုကလာဟိုးမားပြည်နယ်ရှိ Chánh Pháp ဓမ္မတရားစင်တာ အကျိုးတော်ဆောင်နှင့် သာသနာပြုဆရာတော် Thuong Toa နှင့်အဖွဲ့ဝင်များက ကျောင်းထိုင် ဆရာတော်အပါး ၅၀ တို့အား အလှူငွေကျပ် ၁၀သိန်းစီ၊ စုစုပေါင်းကျပ်သိန်းငါးရာကိုဆက်ကပ်လှူဒါန်းကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အလှူရှင်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီ သီလရှင်ကျောင်းတွင် သီလရှင်ကျောင်း ၅၀အား တစ်ကျောင်းလျှင် ငွေကျပ် ၁၀သိန်းစီဖြင့် စုစုပေါင်းကျပ်သိန်းငါးရာကိုလှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၉၃)

## မဟာမုနိဘုရား ကျောင်းတော်ကြီး၊ ပြတိုက်၊ စောင်းတန်း၊ မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန်အလှူငွေများ လာရောက်လှူဒါန်း

**မန္တလေး ဇွန် ၄**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏ စိန်ဖူးတော်အား အသစ်ပြန်လည်တင်လှူမည်ဖြစ်သည်။ ၄က်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့်ပူဇော်မည်ဖြစ်သည်။

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများလာရောက်လှူဒါန်းလျက်ရှိရာ ဇွန် ၁ ရက် နံနက်ပိုင်းက နေပြည်တော်နေ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်+ဒေါ်လှမြင့်သန်းမိသားစုက ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့မှ ဦးကြင်စော+ဒေါ်ထွေးထွေးနွယ် မိသားစုက ငွေကျပ် ၁၀သိန်း၊ မန္တလေးမြို့နေ ပင်ဂွင်းရေသန့်လုပ်ငန်းမှ ငွေကျပ် သိန်း ၂၀ကိုလည်းကောင်း၊ ရန်ကုန်မြို့နေ ဒေါက်တာဝင်းသီတာလွင်အားရည်စူး၍ (သား) ကောင်းထက်၊ (သမီး)သက်စံမိသားစုက ငွေကျပ် သိန်း၆၀ ကိုလည်းကောင်း၊ မန္တလေးတိုင်းသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင် + ဒေါ်ခင်နုဝေ (မန္တလေးကုန်တိုက်)မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။




မဟာမုနိဘုရား ကျောင်းတော်ကြီးပြုပြင်ရန်၊ ပြတိုက်များပြင်ဆင်ရန်၊ စောင်းတန်းများပြုပြင်ရန်၊ မုခ်ဦးပြာသာဒ်များပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀ ၄၄၉၁၀၁နှင့် UAB ဘဏ် ငွေစာရင်းအမှတ် ၀၁၇၁၃၀၁၀၀၀ ၁၂၂၅၉ နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂၁၀၀၀၀၀၇၅၀ နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)(ကဆ)

## နွားဘေးမဲ့ခြံသို့ နွားထီးလတ်တစ်ကောင် ပေးအပ်လှူဒါန်း

**မန္တလေး ဇွန် ၄**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်နာယကဆရာတော်၊ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဘဒ္ဒန္တတိက္ခ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် ဆည်တော်လေး နွားဘေးမဲ့ခြံသို့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်နေ အလှူရှင် ဦးမျိုးမင်းထွန်း+ဒေါ်ခင်မာထွေး၊ (သမီး)မသုန်ဝတီ မိသားစုက ငွေကျပ် ငါးသိန်းတန်ဖိုးရှိ နွားထီးလတ်တစ်ကောင်ကို ယမန်နေ့က အဘယဒါနအဖြစ် ပေးလှူရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

အခြားသော တိရစ္ဆာန်များကို ပေးအပ်လှူဒါန်းလိုပါက ဖုန်း ၀၉-၉၇၅၇၆၄၃၂၃ နှင့် ၀၉-၄၀၂၆၉၂၅၂၂ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)



## ဆုံစည်းရာ အရက်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း (၂၀၂)ကြိမ်မြောက် ဆွမ်းလောင်းလှူ



**မန္တလေး ဇွန် ၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ လမ်း၆၀နှင့် ၂၈ လမ်းထောင့် မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာအရုဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၂၀၂)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါအသင်းရုံးရှေ့၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူးဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသည့် သံဃာတော်များအား အရုဏ်ဆွမ်းကြာဆံကြော်နှင့် ဆွမ်း၊ ဆွမ်းဟင်းများ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူကြသည်။

(၂၀၂)ကြိမ်မြောက်ဆွမ်းလောင်းလှူပွဲကြီး အောင်မြင်နိုင်ရေးအတွက် အလှူရှင်ကိုလှိုင်မြင့် (စတီးဆိုင် ၂၆လမ်းမိသားစု)၊ ဒေါ်မမ(ပတ္တမြားသုခ)မိသားစု တိုးတက်ကုန်မာဆိုင်နှင့်အောင်မြန်မာလျှပ်စစ် မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ) မိသားစု၊ ပွင့်ဖူး သွားနှင့်ခံတွင်းဆေးခန်း မိသားစု၊ ရှမ်းဌာနေစားသောက်ဆိုင် မိသားစု၊ ဖခင်ကြီးဦးကိုအောင်+မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့်သားတပည့်များ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်) ကဖေးမိသားစု ဒေါ်အုန်းအုန်းသွယ်အားရည်စူး၍ ဒေါ်အေးအေးခိုင်မိသားစုနှင့် WOODLAND HOTEL ဝန်ထမ်းမိသားစုတို့က မ,တည်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)

# ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး

ရှေးယခင် လူသားများ စတင်ဖြစ်ပေါ်လာသည့်အချိန်မှပင် ယခုအချိန်အထိ လူသားများနှင့် သဘာဝပတ်ဝန်းကျင်သည် ကောင်းအတူ၊ ဆိုးအတူ အမြဲယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ သဘာဝတရားကြီးသည် လူသားများအပေါ် စောင့်ရှောက်မှုများစွာပေးစွမ်းသော်လည်း လူသားများကမူ မိခင်ကမ္ဘာမြေကြီးအပေါ် စောင့်ရှောက်မှုကား လျော့နည်းလာပါသည်။ လူသားများသည် ကမ္ဘာမြေကြီးရှိ ရေထု၊ လေထု၊ မြေထုတို့အပေါ် အမှီသဟဲပြု ရှင်သန်နေထိုင်ကြပါသည်။ လူသားများသာမကဘဲ အပင်များ၊ သတ္တဝါများ ဇီဝမျိုးကွဲများစွာတို့သည်လည်း ကမ္ဘာမြေကြီးအပေါ်သို့ပင် မှီခိုနေကြရပါသည်။ လူသားတို့ တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာသည့်နောက်တွင် ဆိုးကျိုးများစွာတို့ကလည်း ကပ်ပါလာပါတော့သည်။ လူသားတို့၏ တီထွင်ဖန်တီးတိုးတက်မှုများစွာတို့ကြောင့် ကမ္ဘာကြီးလည်း တဖြည်းဖြည်းပူနွေးလာပါတော့သည်။ အဆိုးရွားဆုံးသောတိုးတက်ပြောင်းလဲမှုတစ်ခုသည် ကမ္ဘာမြေပေါ်တွင် ပလတ်စတစ် ပေါ်ပေါက်လာခြင်းပင် ဖြစ်ပါသည်။

**ပလတ်စတစ်၏ သမိုင်းအစ**

ပလတ်စတစ်ဆိုသည်မှာ ယနေ့ခေတ်တွင် လူတိုင်း၏ နေ့စဉ်ဘဝနှင့် မလွဲမသွေ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေပြီဖြစ်သည်။ သို့သော် ပလတ်စတစ်သည် သဘာဝတွင် မဖြစ်မနေ တိုးပေါက်လာသောအရာမျိုးမဟုတ်ဘဲ လူသားတို့၏ သိပ္ပံနှင့်စက်မှုဖွံ့ဖြိုးတိုးတက်မှုမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ပလတ်စတစ်ဟူသော ဝေါဟာရသည် ဂရိဘာသာစကားမှလာ၍ "ပုံသွန်းရန်သင့်သောပစ္စည်း"ဟု အဓိပ္ပာယ်ရသည်။ ပလတ်စတစ်ထုတ်လုပ်ရာတွင် အသုံးပြုသောအဓိကအရာများမှာ သဘာဝရေနံ(Crudeoil)နှင့် သဘာဝဓာတ်ငွေ့(Naturalgas) တို့ဖြစ်သည်။ ထိုအရင်းအမြစ်များမှဖြစ်သော အီသိုင်လင်း (Ethylene) နှင့် ပရိုပိုင်လင်း(Propylene)ဟုခေါ်သော ဓာတုပစ္စည်းများကို ပိုလီမာရိုက်ဇေးရှင်း (Polymerization)ဆိုသည့်နည်းဖြင့် အလွှာစဉ်များ (Polymers) ဖြစ်အောင် ပြုလုပ်သည်။ ထိုပိုလီမာ (Polymers) များကို လေမှုတ်ခြင်း၊ ပုံသွင်းခြင်း ဖြစ်စဉ်(Injectio Nmolding၊ Blowmolding၊ extrusion) စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တစ်ကြိမ်သုံး ပလတ်စတစ်အိတ်များ၊ ပုံးများ၊ ထုပ်ပိုးဘူးများ စသဖြင့် ပစ္စည်းအမျိုးမျိုး ဖန်တီးနိုင်သည်။ ပလတ်စတစ်၏မူလအစကို ၁၉၀၇ ခုနှစ်တွင် အမေရိကန်ဓာတုပညာရှင် လီရိုဘေကလန် (Leo Baekeland) သည် ဘေကလိုက် (Bakelite) ဟုခေါ်သော ပထမဆုံးစက်မှုသုံး ပလတ်စတစ်ကို တီထွင်ခဲ့ခြင်းမှ စတင်သည်။ ထိုဘေကလိုက် (Bakelite) သည် ပူပြင်းမှုခံနိုင်ရည်ရှိခြင်း၊ မီးမလောင်ခြင်းကြောင့် လျှပ်စစ်ပစ္စည်းများတွင် အသုံးပြုခြင်းဖြင့် လူသိများလာခဲ့သည်။ ထို့နောက် ၁၉၃၀ပြည့်နှစ်များတွင် နိုင်လွန် (Nylon) ကို စတင်တီထွင်ခဲ့ပြီး အထည်အလိပ်နှင့် အိမ်သုံးပစ္စည်းအဖြစ် တိုးတက်လာသည်။ ထို့နောက်ပိုင်းတွင် ပိုလီသိုင်လင်း၊ ပိုလီပရိုပိုင်လင်း (Polyethylene၊ Polypropylene) တို့ကဲ့သို့သော ပလတ်စတစ်အမျိုးအစားများ တရားဝင်ဖြစ်ပွားလာကြသည်။ ကမ္ဘာ့စစ်ကာလအတွင်း ပလတ်စတစ်များကို စစ်ရေးပစ္စည်းများအဖြစ် ပိုမိုအသုံးပြုလာကြရာမှ စစ်ပြီးချိန်တွင်လည်း သုံးစွဲမှုများလာကာ လူမှုဘောင်တွင် မဖြစ်မနေ အသုံးပြုလာခဲ့သည်။ စစ်ပြီးနောက်နှစ်များတွင် စက်မှုလက်မှုလုပ်ငန်းများက ပလတ်စတစ်ကို အိမ်သုံးပစ္စည်းများ၊ အထည်အလိပ်နှင့် ဈေးဝယ်အိတ်များအသွင်သို့ ပြောင်းလဲတီထွင်အသုံးပြုလာခဲ့သည်။ အထူးသဖြင့် ၁၉၆၅ ခုနှစ်တွင် ဆွီဒင်အင်ဂျင်နီယာ စတန်ဂူးစတော့ဖ်သူလင်း (Sten Gustaf Thulin)မှ ပထမဆုံး ကြွပ်ကြွပ်အိတ်(Polyethylene plasticbag) ကို တီထွင်နိုင်ခဲ့ပြီး ထိုအိတ်သည် တစ်ကြိမ်သုံးစွဲနိုင်ပြီး ထုတ်လုပ်ရန် ကုန်ကျစရိတ် နည်းသောကြောင့် ဈေးဝယ်သုံးအိတ်အဖြစ် ကမ္ဘာတစ်ဝန်းသို့ တဖြည်းဖြည်းဝင်ရောက်လာခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် Walmart နှင့် Safeway တို့က ပလတ်စတစ်အိတ်ကို ဈေးဝယ်သုံးအိတ်အဖြစ် ပုံမှန်အသုံးပြုလာခြင်းဖြင့် ကြွပ်ကြွပ်အိတ်များသည် လူသုံးဈေးကွက်ကို ပြိုလဲအောင်သိမ်းယူလိုက်သည်။ မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကာလများ၌ ပလတ်စတစ်လုပ်ငန်း မရှိပေ။ ပြည်ပမှ နိုင်ငံခြားဖြစ် ပလတ်စတစ်ဘီး၊ ပလတ်စတစ် ဖောင်တိန်များကို မှာယူအသုံးပြုခဲ့ကြရသည်။ စစ်ပြီးခေတ် နောက်ပိုင်းတွင် နိုင်ငံခြားဖြစ် ပလတ်စတစ်ရင်ထိုးများနှင့် ပလတ်စတစ်အရုပ်များလည်း ခေတ်စားလာလေသည်။ ထို့ကြောင့် ပလတ်စတစ်ပုံသွန်းစက်ငယ်များနှင့် သာမိုပလတ်စတစ်အမှုန့်တို့ကို နိုင်ငံခြားမှတစ်ဆင့် ပြည်တွင်းသို့ တင်သွင်းလာကြကာ ပြည်တွင်းတွင်လည်း ပလတ်စတစ်လုပ်ငန်းများ စတင်လုပ်ကိုင်လာခဲ့ကြတော့သည်။ မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်များကတည်းက ပလတ်စတစ်အိတ်များ ဝင်ရောက်လာခဲ့ပြီး ကြွပ်ကြွပ်အိတ်(ခေါ်) ပလတ်စတစ်အိတ်များ သုံးစွဲမှုသည်လည်းများပြားလာခဲ့ သည်။

**ပလတ်စတစ်အသုံးဝင်မှုနှင့်အန္တရာယ်**

ပလတ်စတစ်အသုံးပြုမှုသည် သိပ္ပံနှင့်စက်မှုလောကအတွက် မျှော်လင့်ထားသည့်အတိုင်းပင် အကောင်းဆုံး အလှည့်အပြောင်းတစ်ခုဖြစ်ခဲ့သော်လည်း ခေတ်အဆက်ဆက် အသုံးပြုလာသည်နှင့်အမျှ တစ်ဖက်တွင်လည်း စိုးရိမ်စရာအခြေအနေများ ဖြစ်ပေါ်လာခဲ့သည်။ပလတ်စတစ်အား အသုံးပြုမှု အဘယ့်ကြောင့် များပြားရသည်ကို အထူးလေ့လာသောအခါ အောက်ပါအတိုင်း တွေ့ရှိရလေသည်။

၁။ တန်ဖိုးချိုသာခြင်းနှင့် ထုတ်လုပ်ရလွယ်ခြင်း

၂။ ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲဖန်တီးနိုင်ခြင်း

၃။ အလေးချိန်နည်းခြင်းနှင့် ခိုင်ခံ့မှုအားကောင်းခြင်း

၄။ ရေစိုခံခြင်း

၅။ ကျန်းမာရေး၊ ဆေးဖက်ဝင်ပညာတွင် အသုံးဝင်ခြင်း

Sterile(သန့်ရှင်းမှုလိုအပ်သော)အခြေအနေများတွင် အသုံးပြုသည့် ဆေးအုပ်အိတ်များ၊ ဆေးခွက်များ၊ သွေးသွင်းခွက်များ စသည်တို့သည်လည်း ပလတ်စတစ်ဖြင့် ပြုလုပ်ထားခြင်းကြောင့် တစ်ကြိမ်သုံးနည်းဖြင့် သန့်ရှင်းစွာပင် ဆေးဖက်ကဏ္ဍတွင် အထောက်အကူဖြစ်စေသည်။ ထိုအချက်များစွာဖြင့် ပလတ်စတစ်သည် လူသားတို့အပေါ် အကျိုးပြုအသုံးဝင်နေသော်လည်း ဆိုးကျိုးတို့မှာ ထို့ထက်ပင်အဆများစွာ ဖြစ်ပေါ်လျက်ရှိနေလေသည်။ ပလတ်စတစ်၏ အဆိုးရွားဆုံးသောပြဿနာတစ်ခုမှာ မပြိုကွဲလွယ်ခြင်းဖြစ်သည်။ အချို့သော ပလတ်စတစ်များတွင် နှစ်ရာချီအထိပင် ပြိုကွဲရန်ကြာတတ်လေသည်။ အမေရိကန်သိပ္ပံပညာရှင်များသည် ပလတ်စတစ်သုံးစွဲမှုနှင့်ပတ်သက်၍ စနစ်တကျလေ့လာခဲ့ရာ နှစ်ပေါင်းခြောက်ဆယ်အတွင်းတွင် ကမ္ဘာပေါ်ရှိလူသားအားလုံးသုံးစွဲခဲ့သော ပလတ်စတစ်တန်ချိန်ပေါင်းသည် ၈ ဒသမ ၃ ဘီလီယံ အလေးချိန်ရှိကြောင်း လေ့လာတွေ့ရှိထားသည်။ မပြိုကွဲနိုင်သော ပလတ်စတစ်များအနေဖြင့် ဤပမာဏသည် လွန်စွာများပြားလျက်ရှိသည်။ ကမ္ဘာပေါ်ရှိ ပလတ်စတစ်များစွာ၏ ၁၂ ရာခိုင်နှုန်းခန့်သာ ပြန်လည်သုံးစွဲနိုင်သေးသော်လည်း ကျန်ရာခိုင်နှုန်းများမှာ ကမ္ဘာမြေကြီးအတွင်းတွင်ပင် ပျောက်ကွယ်သွားလေသည်။ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)များအတွင်းရှိ ခဲဓာတ်၊ အဆိပ်ဓာတ်များသည် အပူဖြင့်ဖြစ်စေ၊ ဆီဖြင့် ဖြစ်စေ ထိတွေ့ပါက ပျော်ဝင်လွယ်သွားပြီးနောက်တွင် လူသားတို့ကို အဆိပ်အတောက်အန္တရာယ် ဖြစ်ပေါ်လာစေပါသည်။ ပလတ်စတစ်ကြောင့် ကျန်းမာရေးဆိုးကျိုးများအနေဖြင့် နလုံးသွေးကြောရောဂါ၊ အဆုတ်ပျက်စီးခြင်း၊ အစာအိမ်အူလမ်းကြောင်းနှင့်ဆိုင်သောရောဂါများဖြစ်ခြင်း၊ အဆစ်အမြစ်ရောင်ရမ်းခြင်း၊ ဟော်မုန်းပြောင်းလဲခြင်း၊ အဝလွန်ခြင်း၊ အာရုံကြောရောဂါဖြစ်ခြင်း၊ လေဖြတ်ခြင်း၊ မျိုးပွားမှုထိခိုက်ခြင်းတို့ဖြစ်နိုင်လေသည်။ အထူးသဖြင့် ကင်ဆာရောဂါများ၊ မွေးရာပါ ခြေလက်အင်္ဂါမပြည့်စုံခြင်း၊ ကိုယ်ခံအားကျဆင်းစေခြင်း စသောရောဂါများဖြစ်စေလေသည်။ အမေရိကန်နိုင်ငံရှိ အကျိတ်ပါရဂူများ၏ လေ့လာတွေ့ရှိချက်အရ ပလတ်စတစ်ရေဘူးအတွင်းရှိရေကို သောက်သုံးမှုများပြားလာသောလူတို့တွင် ရင်သားကင်ဆာဖြစ်စေခြင်း၊ ဟော်မုန်းမငြိမ်မသက်ဖြစ်ခြင်း၊ ကျား၊ မမျိုးပွားအင်္ဂါများမြဲခြင်းတို့ ဖြစ်စေကြောင်းကို တွေ့ရှိခဲ့ပါသည်။ ရေသန့်တစ်လီတာတွင် မိုက်ခရိုပလတ်စတစ်နဲ့ နာနိုပလတ်စတစ်အမှုန်အမွှားပေါင်း(၁၁၀၀၀၀၃၇၀၀၀၀) ကြားအထိ ပါဝင်နေကြောင်း တွေ့ရှိရပြီး အများဆုံးပါဝင်နေသောပစ္စည်းမှာ ရေကိုသန့်စင်ရန် ပြုလုပ်သော ပလတ်စတစ်ရေစစ်များမှ ထွက်ပေါ်လာသည့် နိုင်လွန်များဖြစ်ကာ ဒုတိယမှာရေသန့်ဘူးများအတွင်း ပြုလုပ်ထားသော ပိုလီအီသိုင်လင်း (Polyethyleneter ephthalate)(သို့မဟုတ်)(PET)ပလတ်စတစ်အမျိုးအစားများ ပျော်ဝင်နေကြောင်း သုတေသနရလဒ်များက ဖော်ပြနေပါသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ပလတ်စတစ်အန္တရာယ်သည် လူသားတို့အပေါ် မည်မျှကြီးမားကြောင်းကို တွေ့ရှိရလေသည်။ ထိုမျှသာ မကသေးပေ။ ပလတ်စတစ်သည် ရာသီဥတုသဘာဝပတ်ဝန်းကျင်ကိုပါ ဆိုးရွားစွာ ထိခိုက်နိုင်လေသည်။ မပြိုကွဲလွယ်သော ပလတ်စတစ်တို့သည် မြေဆီလွှာအတွင်းရှိသောအခါ မြေဆီလွှာအဆိပ်သင့်ခြင်း၊ မြေအောက်ရေတို့ ရှားပါးလာခြင်းတို့ကို ဖြစ်စေလာပါသည်။ ထို့အပြင် ပလတ်စတစ်အမှိုက်တို့မြောင်းများမှတစ်ဆင့် မျောပါသွားသောအခါ နောက်ဆုံးတွင် ပင်လယ်သမုဒ္ဒရာတို့ကိုပါ ထိခိုက်ပျက်စီးစေတော့သည်။ အမေရိကန်နိုင်ငံ၏ နှစ်စဉ်ထုတ်လွှတ်လိုက်သော ပလတ်စတစ်တန်ချိန် သန်းပေါင်းသုံးဆယ်အတွင်းမှ နှစ်ဆယ့်နှစ်သန်းခန့်သည် သမုဒ္ဒရာများအတွင်း နှစ်စဉ်ဝင်ရောက်လျက်ရှိသည်။ ထိုသို့ ဝင်ရောက်သွားသောအခါ ပင်လယ်သမုဒ္ဒရာအတွင်းရှိ သတ္တဝါတို့အပေါ် အသက်အန္တရာယ်များစွာတို့ကို ဖြစ်ပေါ်စေတော့သည်။ ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်အမှိုက်များ ဝင်ရောက်နေသည်မှာ ယနေ့ကမ္ဘာ၏ အရေးအကြီးဆုံးပတ်ဝန်းကျင်ပြဿနာတစ်ခုဖြစ်လာပြီ ဖြစ်သည်။ ဤအမှိုက်များသည် သက်ရှိနေထိုင်သောသတ္တဝါများအတွက် အသက်အန္တရာယ်ကြီးမားစွာ ဖြစ်လာနိုင်သည်။ ပင်လယ်သတ္တဝါအများအပြားသည် ပလတ်စတစ်အမှိုက်များကို အစာအဖြစ် မှားယွင်းသုံးစွဲကာဝမ်းပိတ်ခြင်းသာမက ကိုယ်ခန္ဓာအတွင်း ပလတ်စတစ်ဖုများစုဝေးလာခြင်းကြောင့် နလုံးဓာတ်ချို့တဲ့မှုရှိလာခြင်းနှင့် သေဆုံးသွားရခြင်းအထိ ဖြစ်လာကြသည်။ ဥပမာအားဖြင့် ပင်လယ်လင်းပိုင်များသည် ပလတ်စတစ်အိတ်များကို ငါးမဲအဖြစ် မှားယွင်း၍ စားရာမှတစ်ဆင့် များစွာသော လင်းပိုင်များ သေဆုံးသွားကြသည်။ အချို့သတ္တဝါများမှာ ပလတ်စတစ်တိုင်ကြိုးအမှိုက်များကဲ့သို့သော အရာများတွင် ပိတ်မိသွားကြသည်။ ပင်လယ်သတ္တဝါများနှင့် ပင်လယ်ငှက်အချို့မှာ ခြေလက်များ ပိတ်မိခြင်း၊ လေသွေးကြောများ ပိတ်မိခြင်းနှင့် အရွယ်ရောက်ပြီးသော သတ္တဝါများအချို့သည် မျိုးဆက်မပြန့်ပွားနိုင်ခြင်းအထိ ဖြစ်သွားကြတော့လေသည်။ ဤအခြေအနေများကြောင့် သဘာဝမျိုးရိုးမျိုးဆက် ဂေဟစနစ်ထဲတွင်သက်တမ်းတစ်ဝက်အထိပင် မရောက်နိုင်ဘဲ သေဆုံးသွားကြရသည်။ ပလတ်စတစ်အမှုန်များသည် ပင်လယ်သမုဒ္ဒရာအစိတ်အပိုင်းအားလုံးသို့ စိမ့်ဝင်နေပြီဖြစ်ရာ အသေးငယ်ဆုံးရေသတ္တဝါများမှသည် ဝေလငါးများအထိ ရေသတ္တဝါအားလုံးတွင် တွေ့ရသည်။ စစ်တမ်းများအရ သမုဒ္ဒရာများထဲတွင် မိုက်ခရို ပလတ်စတစ်အပိုင်းအစ ၅ ဒသမ ၂၅ ထရီလီယံ ရှိပြီး သမုဒ္ဒရာ၏ စတုရန်းမိုင်တိုင်းတွင် တန်ချိန် ၂၆၉၀၀ အထိရှိသော အပိုင်းအစ ၄၆၀၀၀ ခန့် ရှိနေသည်။ ကမ္ဘာ့သတင်းအရင်းအမြစ်များအရ တစ်နှစ်လျှင် ပင်လယ်သတ္တဝါ တစ်သိန်းခန့်သည် ပလတ်စတစ်အမှိုက်များကြောင့် သေဆုံးနေသည်ဟု ခန့်မှန်းထားကြသည်။ ထို့အပြင် သာမန်အရွယ် ပင်လယ်ငါးများကလည်း မိုက်ခရိုပလတ်စတစ်များ (Microplastics)ကို စားထားကြပြီး ထိုငါးများကို လူသားတို့ စားသုံးမိသောအခါ လူသားတို့အတွက်လည်း ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်လာစေတော့သည်။ ပလတ်စတစ်၏ အန္တရာယ်သည် တောရိုင်းသတ္တဝါတို့အပေါ်တွင်လည်း များစွာသက်ရောက်နေပြန်သေးသည်။ တောရိုင်းသတ္တဝါများအနေဖြင့် ပလတ်စတစ်များကို အစာအဖြစ် မှားယွင်းစားသုံးရာမှတစ်ဆင့် သတ္တဝါငယ်များ သေကြေပျက်စီးသည်အထိ ဖြစ်လေသည်။ထို့အပြင် ထိုပလတ်စတစ်အမှိုက်ခြောက်များမှတစ်ဆင့် တောမီးလောင်မှုများလည်း ဖြစ်ပေါ်တတ်ပြီး ထိုအမှိုက်များကြောင့်ပင် သစ်တောပြုန်းတီးမှုများ ပိုမိုဖြစ်လာလေတော့သည်။

(ဆက်လက်ဖော်ပြပါမည်။)

**မင်းခကောင်းကင်**

# မောင့်သဘောအတိုင်းပါပဲ ဆိုသည်မှာ

**ထူးခြားဆင့်နွဲ စာပေပွဲ**

၂၀၂၅ ခုနှစ်၊ မေ ၁၈ ရက်၊ တနင်္ဂနွေနေ့ နံနက်က စာပေတင်းကုပ်မှာ ဆရာကျော်သူ (ဥပဒေ၊ ဒဿန)၏ "ရွေးချယ်ကြမယ် သို့သော် တစ်ခါတစ်ရံမှာတော့ မောင့်သဘောအတိုင်းပါပဲ" စာအုပ်မိတ်ဆက်ပွဲ ကျင်းပရာသို့ သွားဖြစ်သည်။ မနက်အစောပိုင်းမှာ ဆရာစိုင်းအောင်မိန်း(မိုတိုင်း)က မန္တလေးမြို့တည်နန်းတည် အနှစ်(၁၆၆) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဧည့်သည်တော်များကို ဆီထမင်းနှင့်လက်ဖက်ရည်များ ဧည့်ခံပါသည်။ သာခုခေါ်ကာ ကောင်းချီးပေးဖြစ်ပါသည်။ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ကြွရောက်လာကြသည့် ဧည့်ပရိသတ်များအား ဆရာအောင်တင်ဝင်း(ငါ့သရောက်)တို့က ရောက်လျှင် ရောက်ချင်း ရွေးချယ်ကြမယ် သို့သော် တစ်ခါတစ်ရံမှာတော့ မောင့်သဘောအတိုင်းပါပဲ စာအုပ်ကို ဝေငှကြပါသည်။ ပရိသတ်စုံသောအခါ ဆရာကြီး သားအောင်မြင့်က ဗောဓိပူဇာအကြောင်းနှင့် ငယ်ဘဝအကြောင်းများ မိတ်ဆက်ပြောကြားပါသည်။

ထို့နောက် အခမ်းအနားမှူး ဆရာစိုးဝင်း(ဆသရ)က တစ်ဦးချင်း၏ ထူးခြားဂုဏ်ရည်များ ဖော်ဆောင်ပြလျက် ဆရာကြီး သားအောင်မြင့်ကို မိတ်ဆက်ပေးသည်။ ဗောဓိပူဇာ ကဆုန်လပြည့် ညောင်ရေသွန်းမင်္ဂလာစာစောင် အမှတ်(၂)ကို ဆရာကြီး သားအောင်မြင့်က လက်ဆောင်ပေးရင်း တစ်ဦးချင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ပါသည်။ ထို့နောက် ဆရာကျော်သူ(ဥပဒေ၊ ဒဿန)က ဤစာအုပ်ရေးဖြစ်ခြင်း၊ ထုတ်ဝေဖြစ်ခြင်းနှင့် စာပေတင်းကုပ်မှာ စာအုပ်မိတ်ဆက်ပွဲကျင်းပရခြင်းအကြောင်းများ ပြောပါသည်။ စာဖတ်နာသူ တစ်ဦးက ဆရာကျော်သူ(ဥပဒေ၊ ဒဿန)၏ ရွေးချယ်ကြမယ် သို့သော် တစ်ခါတစ်ရံမှာတော့ မောင့်သဘောအတိုင်းပါပဲ စာအုပ်အကြောင်း မိတ်ဆက်ပြောကြားပါသည်။ ဦးဇင်းက နိဂုံးချုပ်စကားပြောရပါသည်။

**မေတ္တာသက်ဝင်၊ ပိုချစ်ခင်**

(၁၈-၅-၂၅)ရက် စာပေတင်းကုပ်မှာ ကျင်းပတဲ့ ဆရာကျော်သူ(ဥပဒေ၊ ဒဿန)ရဲ့ ရွေးချယ်ကြမယ် သို့သော် တစ်ခါတစ်ရံမှာတော့ မောင့်သဘောအတိုင်းပါပဲ စာအုပ်မိတ်ဆက်လက်ဆောင်ပေးပွဲသို့ ကြွရောက်လာကြတဲ့ စာပေပညာရှင်များ၊ စာပေဝါသနာရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ဘဝငြိမ်းချမ်းမှုများ ရှာဖွေရယူနိုင်ကြပါစေလို့ ဦးစွာပထမဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ဒီကနေ့ စာအုပ်မိတ်ဆက်လက်ဆောင်ပေးပွဲ ကျင်းပတဲ့ ဆရာကျော်သူနဲ့ ဦးဇင်း စတင်ရင်းနှီးခဲ့တာ နှစ်အတော်ကြာပါပြီ။ ၂၀၀၀ ပြည့်နှစ်က တောင်သမန်အင်းစောင်း၊ အောင်ခြင်းရှစ်ပါး ကျောင်းထဲ ဆရာနန္ဒသိန်းဇံရဲ့ အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲမှာ စတင်ရင်းနှီးခဲ့တာပါ။

(၁၇-၅-၂၀၂၅)ရက်က ဆရာ ထိုက်မောင်နဲ့အတူ ဥတ္တရလွင်ပြင်စာအုပ်ဆိုင်သို့ သွားပါတယ်။ ရှမ်းခေါက်ဆွဲဆိုင်မှာ ဝိုင်းဖွဲ့ထိုင်ကြကာ စကားပြောကြ၊ စားကြ၊ သောက်ကြ၊ ပြုံကြပါတယ်။ အဲ့ဒီမှာ ဆရာ မောင်ဉာဏ်သစ်နဲ့ ဆရာဒေါက်တာ ထွန်းရွှေ(ဒဿန)တို့လည်း ရောက်လာကြတယ်။ ဆရာတို့ မနက်ဖြန်မနက် စာပေတင်းကုပ်မှာ ဆရာကျော်သူရဲ့ စာအုပ်မိတ်ဆက်ပွဲ မသွားကြဘူးလား။ ဦးဇင်းက သွားဖို့ဆုံးဖြတ်ထားတယ်။ အားနေတာရယ်၊ ကိုယ့်မိတ်ဆွေပွဲဖြစ်တာရယ်၊ အပြင်မှာ မတွေ့တာကြာတာရယ်ကြောင့် တွေ့ချင်တာနဲ့ သွားမှာလို့ မေးပြောဖြစ်ပါတယ်။ ဆရာများက သွားကြမှာ ဘုရားလို့ လျှောက်ကြပါတယ်။ အဲ့ဒီအခါ ဆရာမောင်ဉာဏ်သစ်က ဆရာအောင်တင်ဝင်းထံ ဖုန်းဆက်ကာ ဦးဇင်းဆီ စာအုပ်သွားဆက်ကပ်ဖို့ အကြံပြုတိုက်တွန်းပါတယ်။ နေ့လယ်မှာ ဆရာအောင်တင်ဝင်းတို့ ဦးဇင်းထံ စာအုပ်လာဆက်ကပ်ပါတယ်။ ဆရာများကို ကျေးဇူးတင်ရပါတယ်။ စာအုပ်ကို သေချာဖတ်ပါတယ်။ ဒီစာအုပ်မှာ ဆရာမောင်ဉာဏ်သစ်နဲ့ ဆရာအောင်တင်ဝင်း(ငါ့သရောက်)တို့က အမှာစာများ ရေးထားကြပါတယ်။ ရှုထောင့်မတူ တစ်မူကွဲပြားကြလို့ ဖတ်ရတာကောင်းပါတယ်။ ဗဟုသုတများနဲ့ အတွေးသစ်များ ရရှိပါတယ်။ ဆရာကျော်သူက ဒီစာအုပ်မှာ အခန်းငါးခန်းခွဲထားပြီး ဆောင်းပါး ၂၂ ပုဒ်ဖြင့် ဖွဲ့စည်းထားပါတယ်။

(၁) အတွေးအမြင်ကဏ္ဍမှာ-၁၂ပုဒ်၊ (၂)ရုပ်ပုံလွှာကဏ္ဍမှာ-၃ပုဒ်၊ (၃)ဥပဒေကဏ္ဍမှာ-၁ပုဒ်၊(၄) ပရဟိတကဏ္ဍမှာ-၄ ပုဒ်၊ (၅)အာရောဂျကျန်းမာရေး



ကဏ္ဍမှာ-၂ ပုဒ်၊ နိဂုံးမှာ စာရေးသူ၏ ကိုယ်ရေးအကျဉ်း ဖော်ပြထားပါတယ်။ စာအုပ်မှာပါတဲ့ ဆောင်းပါးများဟာ ဆရာကျော်သူ(ဥပဒေ၊ ဒဿန)ရဲ့ ဘဝတစ်စိတ်တစ်ဒေသကို အခြေခံရေးဖွဲ့ထားလို့ ဘဝရုပ်ပုံလွှာကို မြင်ရသိရသလို ကိုယ်ရေးအကျဉ်း ဖော်ပြထားလို့လည်းပိုပြီး သိရမြင်ရပါတယ်။ ကမ္ဘာကျော် စာရေးဆရာကြီးဖော့ဘေကာက The More I Know Him-The More I love Him. သူ့အကြောင်းကို သိလေလေ သူကို ပို၍ ချစ်ရလေလေလို့ ရေးဖူးပါတယ်။

အဲ့ဒီစာကြောင်းကို အမှီပြုပြီးတော့ သီဟိုဠ်ရဟန်းတော်ကြီး အရှင်နာရဒမဟာထေရ်က Buddhism in anutshal စာအုပ်ထဲမှာ မိမိကိုယ်ကိုနှိမ့်ချတတ်တဲ့ ရဟန်းတော်တစ်ပါးအနေနဲ့ပြောရရင် The More I Know Him- The More I love Him. The More I Love Him. The More I Know Him: မြတ်ဗုဒ္ဓအကြောင်းကို သိရလေလေ မြတ်ဗုဒ္ဓကို ကြည်ညိုလေလေ။ မြတ်ဗုဒ္ဓအကြောင်းကို သိရလေလေလို့ ပြောရမှာပါလို့ ရေးဖွဲ့ခဲ့ဖူးပါတယ်။ အခုလည်း ဒီစာအုပ်ထဲမှာ ဆရာကျော်သူ(ဥပဒေ၊ ဒဿန)အကြောင်းကို သိရလို့ ဆရာကျော်သူအပေါ် ပိုမိုလို့ မေတ္တာသက်ဝင်ရပါတယ်။ ရင်ဘတ်ချင်း ပိုလို့ ရင်းနှီးသွားပါတယ်။ ရင်ဘတ်ချင်းပိုလို့ ဂျပ်ပင်ထိုးဖြစ်တယ်ဆိုပါစို့။

**ဖောက်ထွက်တွေးခြင်း၊ အမှန်ချဉ်း**

စာပေပညာရှင်များ၊ စာပေဝါသနာရှင်များ ဧည့်သည်တော်များ သတိထားမိကြမယ် ထင်ပါတယ်။ ဆရာကျော်သူ(ဥပဒေ၊ဒဿန)ရဲ့ ဒီစာအုပ်ရဲ့ တိုင်တည်နာမည်ဖြစ်တဲ့ ရွေးချယ်ကြမယ် သို့သော် တစ်ခါတစ်ရံမှာတော့ မောင့်သဘောအတိုင်းပါပဲ ဆောင်းပါးကို အကြမ်းဖျင်းကြည့်ပြီး ဖတ်ပြီးလောက်ပြီ ထင်ပါတယ်။ အဓိကအချက်က လူဆိုးကြီးနဲ့ ပညာရှိကြီးနှစ်ဦး ပြဿနာဖြေရှင်းကြခြင်းပါ။

လူဆိုးကြီးက လက်ထဲမှာ ငှက်တစ်ကောင်ဆုပ်ထားပြီး ပညာရှိကြီးကို မေးပါတယ်။ ဒီလက်ထဲကငှက် အသေလား၊ အရှင်လားပေါ့။ အရှင်ပါလို့ ပညာရှိကြီးက ဖြေလိုက်ရင် လူဆိုးကြီးက ငှက်ကို ဆုပ်သတ်ကာ ဘယ်မလဲ ပညာရှိကြီး ငှက်က အသေကြီးပါလို့ပြောကာ ခနဲ့တဲ့တဲ့ပြောကာ လှောင်ပြောင်ရှုံ့ချလိမ့်မယ်။ အသေပါလို့ဖြေလည်း ငှက်ကို လွှတ်လိုက်ကာ ဘယ်မလဲ ပညာရှိကြီး၊ ငှက်က အရှင်ကြီးပါလို့ပြောကာ ပညာရှိကြီး လုပ်နေပြီး ငှက်တောင် အသေမှန်း၊ အရှင်မှန်းမသိတဲ့ လူပဲလို့ ခနဲ့တဲ့တဲ့ပြောပြီး လူဆိုးကြီးက လှောင်ပြောင်ရှုံ့ချလိမ့်မယ်။ ဒါကို ပညာရှိကြီးက သိတယ်။ အဲ့ဒီလိုလည်း ပညာရှိကြီးက အဖြစ် မခံနိုင်ဘူး။ ဒါကြောင့် ပညာရှိကြီးက မောင့်လက်ထဲမှာရှိတဲ့ငှက်က အသေ၊ အရှင်ဆိုတာ မောင့်သဘောအတိုင်းပါပဲလို့ ဖြေလိုက်ပါတယ်။ ပညာရှိကြီး ပီသလှပါပေတယ်။ ဘေးကျပ်နံကျပ်အဖြေကို အပြစ်ကင်းအောင် ပေါ့ပေါ့ပါးပါးလေး အဖြေပေးတတ်တာ အတုယူစရာပါ။

အဲ့ဒီဆောင်းပါးကို ဖတ်နေစဉ် ငယ်ငယ်က အလင်္ကာသင်ယူခိုက် ကျေးဇူးရှင် ချမ်းသာကြီးဆရာတော်ပြောတာ သတိရမိတယ်။ တစ်ခါက ဆင်းရဲတဲ့ သားအဖရှိတယ်။ သမီးလေးက ပစ္စည်းဥစ္စာ ဆင်းရဲပေမယ့် အသိပညာ မဆင်းရဲဘူး။ ပင်ကိုယ်ဉာဏ်၊ ဖြတ်ထိုးဉာဏ်ထက်မြက်တယ်။ တစ်နေ့ လယ်ရှင်မြေသူဌေးကြီးက အကြွေးသိမ်းဖို့ လုပ်ပါတယ်။ သူဌေးကြီးက ဒီဆင်းရဲသူမလေးကို သိမ်းပိုက်ချင်တာ။ အကြွေးနဲ့ အတင်းအဓမ္မသိမ်းလို့ရှိရင် သူဌေးကြီး နာမည်ပျက်မှာလည်း စိုးရိမ်တယ်။ မရမှာလည်း စိုးရိမ်တယ်။ အားလုံးရှေ့မှာ ကတိဝန်ခံကြကာ ဆင်းရဲသူမလေးကိုရွေးချယ်ခိုင်းပါတယ်။ ဒီအိတ်ထဲမှာ ကျောက်ဖြူတစ်လုံးနဲ့ ကျောက်မဲတစ်လုံးထည့်ထားမယ်။ ကျောက်ဖြူကို နှိုက်မိရင် အကြွေးလည်းကင်း လူလည်းသိမ်းပိုက်မခံရဘူး။ ကျောက်မည်းကိုနှိုက်မိရင် အကြွေးတော့ ကင်းသွားမယ် လူကိုတော့ သိမ်းပိုက်ခံရမယ်။ သူဌေးကြီးက မသမာနည်းနဲ့ ကျောက်မည်းတွေချည်း ထည့်လိုက်တယ်။ ဒါကို ဆင်းရဲသူမလေးက မြင်လိုက် တယ်။ လူကြားထဲ အဲ့ဒီအဖြစ်မှန်ကိုပြောပြရင် သူဌေးကြီးကို နာမည်ဖျက်ရာ ကျလိမ့်မယ်။ ရိုးရိုးတန်းတန်း ကျောက်ခဲကို နှိုက်ပြရင်လည်း ကျောက်မည်းတွေ ဖြစ်နေတဲ့အတွက် သူဌေးကြီးရဲ့ အသိမ်းပိုက် ဇာကန်ခံရမှာ။ သူဆင်းရဲမလေးမှာ ရွေးချယ်ရခက်နေတယ်၊ မိန်းမမာယာ သဲကိုးဖြာဆိုသလိုပေါ့။ မာယာပရိယာယ် နှစ်သွယ်နဲ့ အဲ့ဒီအခက်အခဲကို ကျော်ဖြတ်ရမယ်ဆိုတာ ဆင်းရဲသူမလေး ဖျတ်ခနဲ အသိဉာဏ် ပေါ်လာတယ်။ တခဏုပ္ပတ္တိ ဉာဏ်လို့လည်း ဆိုပါစို့။

သူဆင်းရဲမလေးက မျက်လုံးကို စုံမှိတ်ပြီး ကျောက်ခဲကို နှိုက်ကာ ကြောက်အား၊ လန့်အား၊ ရှက်အားနဲ့ အဝေးကြီးကိုရောက်အောင် အားထည့်ကာ ပစ်လိုက်တယ်။ အားလုံးက အံ့အားသင့်သွားတယ်။ သူဌေးကြီးလည်း မျက်လုံးပြူးသွားတယ်။ သူငယ်မ ဘယ်လိုလုပ်လိုက်တာလဲလို့မေးကြတော့ ဆင်းရဲသူမလေးက ကျွန်မရှက်လွန်း၊ ကြောက်လွန်းလို့ ကျွန်မနှိုက်ယူမိတဲ့ ကျောက်ခဲကို လူပုံအလယ်မှာ မပြရဲ၊ မကြည့်ရဲလို့ပါ။ ယောင်ယမ်းပြီး အဝေးကို ပစ်လိုက်တာပါ။ ကျန်ရှိတဲ့ ကျောက်ခဲကို ကြည့်လိုက်ရင် ကျွန်မနှိုက်မိတဲ့ကျောက်ခဲက ဘာအရောင်ဆိုတာ အလိုလိုသိပြီး ဖြစ်ပါလိမ့်မယ်။ ကျန်တဲ့ ကျောက်ခဲကိုသာ ကြည့်လိုက်ကြပါလို့ ဖြေရှင်းပြပါတယ်။ ကျန်တဲ့ ကျောက်ခဲကိုကြည့်လိုက်တော့ အနက်ရောင်ကျောက်ခဲဖြစ်နေတာ တွေ့ရတော့ သူဆင်းရဲမလေး အကြွေးကလည်း ကင်းသွားတယ်၊ သူဌေးကြီးရဲ့ သိမ်းပိုက်မှုလည်း မခံရတော့။

ဘဝမှာ ရွေးချယ်မှုမှန်ကန်ဖို့ သိပ်အရေးကြီးတယ်။ မိမိလည်း အန္တရာယ်ကင်း၊ တခြားပုဂ္ဂိုလ်လည်း အပြစ်ကင်းအောင် ပေါ့ပေါ့ပါးပါး အနေအထားနဲ့ ရွေးချယ်ဖြေရှင်းတတ်ဖို့ အတတ်ပညာ၊ မာယာ၊ ပရိယာယ်ကြွယ်ဝဖို့ သိပ်ကို အရေးကြီးကြောင်း သိမြင်စေပါတယ်။

ဆရာကျော်သူ(ဥပဒေ၊ ဒဿန)ရဲ့ ရွေးချယ်ကြမယ်သို့သော် တစ်ခါတစ်ရံမှာတော့ မောင့်သဘောအတိုင်းပါပဲ ဆောင်းပါးက သာမန်ကြည့်ရင် လက်လျှော့ကာ သူ့အကြိုက် လိုက်လျောပေးရတယ်လို့ ထင်ဖွယ်ရှိပါတယ်။ တကယ်ဖတ် တကယ်တွေးကြည့်တော့ ပညာရှိပီပီ လိုက်လျောညီထွေဖြစ်အောင် စွမ်းဆောင်ပေးလိုက်နိုင်တဲ့သဘောကို အတုယူဖွယ် တွေ့မြင်ရပါတယ်။ အရာရာမှာ သတ္တိရှိပြီး ပညာကြွယ်ကြွယ်နဲ့ ပြဿနာအရပ်ရပ်ကို လျင်လျင်မြန်မြန် ဖြေရှင်းတတ်ကြစေချင်ပါတယ်။

ဒဿနပညာဟာ မွေးရာပါ အမြစ်တွယ်နေတဲ့ မှားယွင်းမှုများကို အသိမှန်များနဲ့ အစားထိုးပြုပြင်ပေးခြင်း ဖြစ်တယ်လို့ ဆိုကြပါတယ်။ ဒဿနစာပေ ဖတ်ရှုလိုက်ရင် ဒဿနစာပေစိတ်ထား(Philosophical Attitude)ကို ရရှိစေနိုင်ပါတယ်။ ဒဿနပညာစိတ်ထားနဲ့ ဘဝကို စူးစမ်းစစ်ဆေးတာပါ။ စူးစမ်းစစ်ဆေးမှုမရှိတဲ့ ဘဝဟာ တန်ဖိုးမရှိဘူးလို့ ဆိုကရေးတီးက ဆိုခဲ့တယ်။ ဒဿနပညာကိုလေ့လာပြီး လက်တွေ့အသုံးချ ကျင့်သုံးခြင်းက ဘဝကို ပိုမိုကောင်းမွန်တန်ဖိုးရှိစေပါတယ်။ ဆရာကျော်သူ(ဥပဒေ၊ ဒဿန)ဒဿနစာပေတွေ ဆက်လက်ရေးသားပြုစုနိုင်ပါစေ။ ဆရာကျော်သူ ဒဿနစာပေတွေ ဆက်လက်ရေးသားဖြစ်အောင် ထုတ်ဝေဖြန့်ချိနိုင်အောင် ဆရာမကြီးဒေါ်တင်ဌေးကလည်း အားပေးအားမြှောက်ပြုပေးနိုင်ပါစေ၊ အပြုသဘောဆောင်တဲ့အတွေး Positive Thinking နဲ့ အပြုသဘောဆောင်တဲ့အမြင် Positive Vision များရရှိအောင် စွမ်းဆောင်နိုင်ကြကာ အားလုံးငြိမ်းချမ်း ပျော်ရွှင်ကြပြီး ဘဝကို တန်ဖိုးရှိအောင် ပြုလုပ်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဦးဇင်းရဲ့စကားကို နိဂုံးချုပ်လိုက်ပါတယ်။

**တက္ကသိုလ်တေဇာလင်း**

# စိုက် ပျိုး ရေး က ဏ္ဍ



## လူထုဖြန့်ပျိုးပင်ပေါင်း ၄၄၀၀၀ ကျော် ပျိုးထောင်ထား

**မင်းဘူး ဇွန် ၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးနိုင်ရန် မြို့နယ် သစ်တောဦးစီးဌာနက ကျောက်တန်းအမြဲတမ်း ပျိုးဥယျာဉ်နှင့် မင်းဘူး-အမ်းကားလမ်းမဘေးရှိ ကန်ရေပျိုးဥယျာဉ်တို့တွင် လူထုဖြန့် ပျိုးပင်ပေါင်း ၄၄၀၀၀ ကျော် ပျိုးထောင်ထားရှိပြီး ဒေသခံပြည်သူများအနေဖြင့် အခမဲ့ လာရောက်ထုတ်ယူ၍ စိုက်ပျိုးနိုင်သည်။


လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေပေးရာတွင် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သာသနာ့နယ်မြေများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ အပါအဝင် သစ်ပင်စိုက်ပျိုးပွဲတော်များအတွက် ယခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးနိုင်ရန် အခမဲ့ဖြန့်ဝေဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်း လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာပြီး ရာသီဥတုပြောင်းလဲမှုများကို လျှော့ချစေကာ ပြည်သူများ သစ်ပင်စိုက်ပျိုးလိုစိတ် ဖြစ်ပေါ်လာပြီး သစ်ပင်များကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်လာစေမည်ဖြစ်ကြောင်း၊ လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ရာတွင်လည်း ဒေသခံပြည်သူများ စိတ်ပါဝင်စားစွာဖြင့် စိုက်ပျိုးနိုင်စေရန် အရိပ်ရ၊ ဆေးဘက်ဝင်၊ ပန်းပွင့်သည့် အပင်များနှင့် သစ်ရရှိနိုင်မည့်အပင်များကို ရွေးချယ်၍ ပျိုးပင်အမျိုးအစားပေါင်း ၁၂ မျိုးကို ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဌာနမှူး ဦးမြင့်အောင်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅ ခုနှစ်အတွက် ပြည်သူလူထုထံ အခမဲ့ဖြန့်ဝေပေးမည့် လူထုဖြန့် ပျိုးပင်များမှာ ကျွန်း၊ ပိတောက်၊ ယင်းမာ၊ ကုက္ကို၊ စိန်ပန်းကြီး၊ တမာ၊ ထိုင်ဝမ်ဗာဒံ၊ မည်စည်၊ ဆီး၊ မျှဉ်ဝါး၊ စိန်တံခြူ၊ ယူကလစ် စသည့် ပျိုးပင်ပေါင်း ၄၄၂၀၀ ကို ပျိုးထောင်ထားရှိပြီး ပြည်သူများအနေဖြင့် မိမိတို့စိုက်ပျိုးလိုသော ပျိုးပင်များကို အဆိုပါပျိုးဥယျာဉ်နှစ်ခု၌ အခမဲ့ လာရောက်ထုတ်ယူ၍ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၅၀၀)**

*-*-*-*-*-*



## ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
## ဇွန်လ(၅)ရက်




## ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းမှ ပြောင်းများ တင်ပို့နေ

ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးနှင့်ပင်လယ်ရေကြောင်းတို့မှ ပြည်တွင်းပြောင်းများ တင်ပို့နေကြောင်း ပြောင်းတင်ပို့သူများထံမှ သိရသည်။

လက်ရှိပြည်တွင်း ပြောင်းတင်ပို့သူများအနေဖြင့် ထိုင်းနိုင်ငံသို့သာ အဓိကတင်ပို့နေပြီး အကျိုးအမြတ်မရှိသော်လည်း ပို့ကုန်ရငွေရရှိအောင် တင်ပို့နေခြင်းဖြစ်ပြီး သွင်းကုန်ကနေသာ အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နေတာမျိုးဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြောင်းတင်ပို့သူနည်းလာပြီး ပို့ကုန်၊ သွင်းကုန်နှစ်ခုလုံး ဆောင်ရွက်နိုင်သူများသာ လက်ရှိမှာ ပြောင်းတင်ပို့နိုင်ကြောင်း ပြောင်းလုပ်ငန်းရှင် ဦးတိုးတက်နိုင်က ပြောသည်။

"လက်ရှိ ပြည်တွင်း ပြောင်းတင်ပို့မှုက ထိုင်းနိုင်ငံကို ရနောင်းဆိပ်ကမ်းနဲ့ တာချီလိတ်နယ်စပ်ဂိတ်ကနေ တင်ပို့နေတာပါ။ မနှစ်ကတုန်းကလောက်တော့ ထိုင်းကို ပြောင်းတင်ပို့မှု မများပါဘူး။ သဘောၤနဲ့ တင်ပို့မှုနည်းနေတာပါ။ လက်ရှိပြောင်း တင်ပို့သူတွေနည်းလာတော့ ပြည်တွင်း ပြောင်းဈေးကွက်က အေးနေတာပါ။ ပြောင်းတင်ပို့နေသူတွေက ပို့ကုန်၊ သွင်းကုန် နှစ်ခုလုံးလုပ်နိုင်တဲ့သူတွေသာ တင်ပို့နေကြတာပါ။ ထိုင်းနိုင်ငံကို တင်ပို့နေတဲ့ ပြောင်းပေါက်ဈေးနဲ့တွက်ရင် လက်ရှိ ပြောင်းပေါက်ဈေးက သဘောၤတင်ခနဲ့ဆိုရင် ပြောင်းကို အရင်းမရှုံး၊ အမြတ်မကျန်ဘဲ တင်ပို့နေတာပါ။ ပို့ကုန်ရငွေကနေ သွင်းကုန်ပြန်သွင်းပြီး အကျိုးအမြတ်ရအောင်လုပ်နေရတော့ ပို့ကုန်သမားတွေ အဆင်မပြေကြပါဘူး" ဟု ၎င်းက ပြောသည်။

ပြည်တွင်း ပြောင်းပေါက်ဈေးမှာ ထိုင်းနိုင်ငံသို့ တင်ပို့ရရှိသည့် ပြောင်းဈေးပေါ်မူတည်ပြီး ဈေးအတက်၊ အကျဖြစ်လေ့ရှိရာ လက်ရှိအချိန်တွင် ပြည်တွင်း ပြောင်းဈေးကွက်သို့ ဧရာဝတီပြောင်းများသာ အဓိကဝင်ရောက်နေခြင်း ဖြစ်သည်။

"ပြည်တွင်းမှာ ရှမ်းပြောင်းတွေကတော့ လက်ကျန်နည်းသွားပါပြီ။ ဧရာဝတီပြောင်းတွေ အများဆုံး ရန်ကုန်ဈေးကွက်ကို ဝင်ရောက်နေတာပါ။ ပြောင်းပေါက်ဈေးအနေနဲ့က ရနောင်းဆိပ်ကမ်းအရောက် ပြောင်းတစ်ကီလိုဂရမ်လျှင် ထိုင်းဘတ်ငွေ ၉ ဒသမ ၅၊ တာချီလိတ်နယ်စပ်ဂိတ်ကနေ တင်ပို့တာက ပြောင်းတစ်ကီလိုဂရမ်လျှင် ထိုင်းဘတ် ငွေ ၉ ဒသမ ၂ ပေါက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု ၎င်းက ပြောသည်။

ပြည်တွင်း ပြောင်းပေါက်ဈေးမှာ မေလကုန်ပိုင်းမှာ ရန်ကုန်အဝယ်ဈေး ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၇၂၀ ၊ ဧရာဝတီပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၇၃၅ ပေါက်ဈေး၊ မန္တလေးဈေးကွက်တွင် ၅၄ ပိဿာ ပြောင်းတစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀၊ ၅၄ ပိဿာ (ရှမ်း) ပြောင်းတစ်အိတ်လျှင် ငွေကျပ် ၈၄၀၀၀-၈၅၀၀၀၊ ပြောင်းဖူး (CP) ၅၄ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၈၄၅၀၀၊ ၈၅၀၀၀၊ အထွက်တိုးပြောင်း(နီ) ၅၃ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၇၉၀၀၀-၈၀၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**(အောက်ပုံ) ရွှေမန်း**



## မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ဧက ၅၇၀ စိုက်ပျိုးမည်

**ပွင့်ဖြူ ဇွန် ၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ဧက ၅၇၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ဧက ၅၇၀ စိုက်ပျိုးရန် လျာထားပြီး သတ်မှတ်စိုက်ဧက ပြည့်မီစေရန် ယခု ဇွန်လ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ငရုတ် ဧက ၅၇၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ယခု ဇွန်လ ဒုတိယပတ်လောက်မှာ စတင်စိုက်ပျိုးသွားမှာပါ။ လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ကြိုးကြပ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ငရုတ်ဈေးကွက်က ကောင်းမွန်တာကြောင့် ငရုတ်စိုက်ပျိုးရေးက အခြေအနေ ကောင်းပါတယ်။ တောင်သူတွေကိုလည်း ငရုတ်ကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးကြဖို့အတွက် ဆောင်ရွက်ပေးသွားမယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းရှိ ငရုတ်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ငရုတ်အထွက်နှုန်းများ တိုးတက်စေရန်၊ ဈေးကွက်ရရှိစေရန်၊ ပိုးမွှားရောဂါ ကျရောက်မှု ကင်းရှင်းစေရန် ၊ အစားအစာ ဘေးကင်းလုံခြုံစေရေး GAP စိုက်နည်းစနစ်နဲ့အညီ စိုက်ပျိုးနိုင်ရန်၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးရေး မြေဩဇာနှင့် သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရန် စိုက်ပျိုးရေးနည်းပညာများပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)

*-*-*-*-*-*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနှင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှုရှိမှ သာလျှင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E.Mr.Li Qiang နှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရွှေညောင်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဖူဆယ်အားကစားရုံဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အုတ်တံတိုင်းများကို အားကစားကွင်းလုံခြုံရေးအတွက် အမြန်ပြန်လည်ပြုပြင်ရန်၊ ဘောလုံးကွင်းကို ရာသီမရွေးကစားနိုင်သည့် အားကစားကွင်းဖြစ်အောင် အမြဲပြုပြင်ထိန်းသိမ်းထားရှိရန်နှင့် ပွဲကြည့်စင်ပါမီတာ ၄၀၀ ပြေးလမ်း ဖောက်လုပ်ထားရှိနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ယူကျင်းပနေသည့် ၂၀၂၅ ခုနှစ် FIFA MFF U-15 Youth League ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် U-15 Shan Southern FC ဘောလုံးအသင်း လေ့ကျင့်နေမှုကိုလည်းကောင်း၊ ကလောမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရှိ အားကစားရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့တွင် ငလျင်ဘေးဒဏ်ကြောင့် အုတ်တံတိုင်းများ ပျက်စီးခဲ့မှုအခြေအနေကိုလည်းကောင်း၊ အားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားရုံတို့ကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ် အားကစားကွင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ လိုအပ်ချက်များနှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကမ္ဘာ့အသေးဆုံးဟိုတယ် အီးဟတ်ဇယ်လ်

ကမ္ဘာ့အသေးဆုံးဟိုတယ် အီးဟတ်ဇယ်လ်(Eh'häusl)သည် ဂျာမနီနိုင်ငံ၊ ဘာဗေးရီးယားပြည်နယ်၊ အထက်ပါလာနီတာနာခရိုင်၊ အမ်ဘတ်မြို့ရှိ ၈ ပေသာကျယ်ပြီး အထပ်သုံးထပ်နှင့် မြေအောက်တစ်ထပ်ရှိသော ဟိုတယ်တစ်ခုဖြစ်သည်။ အမ်ဘတ်မြို့၏ မြို့ပြစီမံကိန်းအဖွဲ့အစည်းမှ တာဝန်ရှိသူ၏အဆိုအရ ၎င်းဟိုတယ်လေးအား ယခုအခါ "ကမ္ဘာ့အသေးဆုံးဟိုတယ်"အဖြစ် သတ်မှတ်ခြင်းခံထားရသည်ဟု ဆိုသည်။

ဟိုတယ်၏ အမည်ကို အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုပါက ၁၈ (သို့မဟုတ်) ၁၉ ရာစုတွင် အသုံးပြုခဲ့သော "အိမ်ထောင်ရေးအိမ်"ဟူ၍ ပြန်ဆိုရဖွယ်ရှိသည်။ ထိုဟိုတယ်ကို ၁၇၂၈ ခုနှစ်တွင်တည်ဆောက်ခဲ့ပြီး ၈ ပေသာကျယ်သောအိမ်အား ထိုခေတ်က ငယ်ရွယ်သော စုံတွဲများကြားတွင် အိမ်မပိုင်ဆိုင်သည့် ဆင်းရဲနွမ်းပါးသူများ လက်ထပ်ခြင်းကို တားမြစ်ထားသော ဒေသဆိုင်ရာ ဥပဒေများကို ကျော်လွှားနိုင်ရန်အတွက် အိုးပိုင်အိမ်ပိုင် မရှိသည့် လူငယ်စုံတွဲများကို ရောင်းချနိုင်ရန် ရည်ရွယ်၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ထိုအချိန်က လူငယ်စုံတွဲများသည် လက်ထပ်လိုပါက မြို့တော်ကောင်စီထံ မြေပိုင်ဆိုင်မှု အထောက်အထား တင်ပြရန် လိုအပ်သည်။ ဤစည်းမျဉ်းကို ရှောင်တိမ်းနိုင်ရန်အတွက် လိမ္မာပါးနပ်သော စီးပွားရေးသမားတစ်ဦးသည် အဆောက်အအုံနှစ်ခုကြားတွင် ၈ ပေ ၂ ဒသမ ၅ လက်မ ရှိသည့် အိမ်တစ်လုံးကို တည်ဆောက်ခဲ့သည်။ အိမ်ရှေ့နှင့် အနောက်ဘက်တွင် နံရံတစ်ခုစီနှင့် အပေါ်တွင် အမိုးတစ်ခုဖြင့် တည်ဆောက်ခဲ့ကာ ထိုအိမ်သည် မြေပိုင်ရှင်ဖြစ်ကြောင်း သက်သေအထောက်အထားများဖြင့် အာဏာပိုင်များကို တင်ပြပြီး လက်ထပ်ခွင့်ကို ရရှိအောင် ပြုလုပ်ပေးခဲ့သည်။ ထိုအချိန်မှစ၍ အဆိုပါအိမ်ကို ဒေသခံ ဘာသာစကားဖြင့် (အိမ်ထောင်ရေးအိမ်) ဟုခေါ်ဆိုခဲ့ကာ ထိုအမည်ကို ယနေ့တိုင် သုံးစွဲနေခြင်း ဖြစ်သည်။

အိမ်သည် အကျယ်အဝန်းအားဖြင့် ၈ ပေ x ၂၅ ပေ (၂၁၅ စတုရန်းပေ) ခန့်ပေါ်တွင် တည်ဆောက်ထားပြီး ဘေးဖက် နံရံမရှိသော အိမ်နှစ်လုံးကြား၌ ဆောက်လုပ်ထားကာ အပေါ်ထပ်များအပါအဝင် အကျယ်အဝန်းမှာ စတုရန်းပေ ၅၇၀ ရှိသည်။ အဆိုပါ အိမ်ကို ဇိမ်ခံအပန်းဖြေနေရာအဖြစ် သီးသန့်အဆင့်အတန်းကို ထင်ဟပ်စေရန် ၂၀၀၈ ခုနှစ်တွင် လုံးဝ ပြန်လည်မွမ်းမံခဲ့သည်။ ဟိုတယ်၏ အရွယ်အစားမှာ သေးငယ်သော်လည်း ဧည့်ခန်း၊ ထမင်းစားခန်း၊ နားနေခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ အိမ်သာတို့အပြင် မျက်နှာပြင်ပြား တီဗွီ၊ အသေးစား ရေချိုးရေစိမ်ကန်နှင့် ဖယောင်းတိုင်မီးများ၊ ရွှေမှန်ပေါင်တပ်ဆင်ထားသည့် ကြည့်မှန်၊ လှပသော သစ်သားလှေကားထစ်များ၊ နူးညံ့အိစက်သော နှစ်ယောက်အိပ်ခုတင်၊ ရှေးဟောင်းထင်းမီးလင်းဖိုနှင့် တေးဂီတနားထောင်ရန်တို့ ပါရှိသည့်အတွက် လာရောက်တည်းခိုသည့် ဧည့်သည်များကို အဆင်ပြေမှုများ ဖြစ်ပေါ်စေသည်။ ယခုအခါ အဆိုပါဟိုတယ်သည် ဟန်းနီးမွန်း စုံတွဲများနှင့် မင်္ဂလာနှစ်ပတ်လည်နေ့များ ကျင်းပနေသည့် စုံတွဲများ တည်းခိုရန်အတွက် ရေပန်းစားသော နေရာတစ်ခုလည်း ဖြစ်သည်။

ကမ္ဘာ့အသေးဆုံးဟိုတယ်ဟုဆိုသော်လည်း လာရောက်တည်းခိုသည့် စုံတွဲနှစ်ယောက်အတွက် အတန်အသင့် ကျယ်ဝန်းမှုကို ခံစားရမည်ဖြစ်သည်။ ထို့ပြင် အတွင်းခန်းများကို ခေတ်ဟောင်းကော်ဇောများ၊ ပရိဘောဂများ၊ ရှေးဟောင်းပစ္စည်းများဖြင့် ခမ်းနားထည်ဝါစွာ အလှဆင်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အဆိုပါဟိုတယ်တွင် အများဆုံးနေထိုင်နိုင်မည့် ဦးရေမှာ နှစ်ယောက်သာဖြစ်ပြီး ဟိုတယ်ကို ဝင်ရောက်နိုင်သည့်အချိန်မှာ မွန်းလွဲ ၂ နာရီဖြစ်ကာ ဟိုတယ်မှ ထွက်ခွာရမည့် အချိန်မှာ နံနက် ၁၁ နာရီဖြစ်သည်။ ထို့ပြင် ဆေးလိပ်ငွေ့ကင်းစင်သော ဟိုတယ်ဖြစ်ပြီး ဖြစ်ပေါ်လာနိုင်သော ပျက်စီးဆုံးရှုံးမှုများအတွက် တည်းခိုသူတွင်သာ တာဝန်ရှိမည်ဖြစ်သည်။ အဆိုပါ ဟိုတယ်၏ တည်းခိုခနှုန်းထားမှာ တစ်ရက်လျှင် အမေရိကန် ဒေါ်လာ ၂၉၃ (မြန်မာငွေကျပ် ၁၃ သိန်းခန့်)ကျသင့်မည်ဖြစ်သည်။

**ချမ်းပြည့်ကို**

**(ကိုးကား-အင်တာနက်)**

